# Bibliographic Data

**Author** ရီရီ ၊ ဒေါက်တာ Yi Yi , Dr. Ri¯ Ri¯ , Dok‘ ta¯ **Art.** YI0001A

**Article Title** မြန်မာသမိုင်း အထောက်အထားများ ၁၁၄၃ – ၈၁ ပဏာမ လေ့လာချက်

(Primary Study of Myanmar Historical documents 1143 - 81)

Mran‘ ma¯ sa muin‘" 'a thok‘ a tha‘" mya‘"

**Title (Book/Serial)** နိုင်ငံသမိုင်း သုတေသန စာစောင် ၁

Research in Burmese History No.1

**Issue and Volume**

**Edition**

**Place/ Publisher** နိုင်ငံသမိုင်း သုတေသန ဦးစီးဌာန

Burma Historical Research Dept.

**Distributor**

**Ed. Date** 1977

**Pagination** p. 59 - 132

**Annotation** Thorough study of the monarchy's foreign relations and economic conditions, as well as the culture during King Bodawpaya 1781 - 1819 (Badon Min) Period. Based on the Royal Orders of Badon Min and other historical documents including inscriptions, literature and sittang. These historical documents are important resources for historians as King Bodawpaya ruled the Amarapura Kingdom for nearly 38 years, a period that was well organized and peaceful. The king created high standards of administration and maintained stable relations with neighouring countires. The author notes that many documents remain unstudied.

**Subject Terms**

1. Myanmar - history - early Konbaung period, 1752 - 1837
2. Myanmar - history - King Bodawpaya (Badon Min) 1781 - 1819
3. Myanmar - politics and government

**Key Words**

1. Myanmar historical documents
2. Royal Orders of King Badon Min

# မြန်မာသမိုင်းအထောက်အထားများ

# ၁၁၄၃-၈၁

# ပဏာမ လေ့လာချက်

ဒေါက်တာ ရီရီ၊ အကြီးတန်း သုတေသနမှူး (ကုန်းဘောင်ခေတ်)

ကောဇာသက္ကရာဇ် ၁၁၄၃ ခုနှစ်မှ ၁၁၈၁ ခုနှစ်အထိ ကာလသည် ကုန်းဘောင်မင်းဆက် ဗဒုံမင်း၏ နန်းသက်ဖြစ်၏။ ဗဒုံမင်း၏ နန်းသက်သည် ၃၈ နှစ် တိုင်တိုင် ရှည်ကြာခဲ့၏။ ထိုမင်းလက်ထက်တွင် စစ်ရေးမက်ရေးနည်းပါး၏။ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် အုပ်ချုပ်ရေး၌ စိတ်ဝင်စားသည်။ နိုင်ငံခြားဆက်သွယ်မှုလည်း များပြား၏။ တိုင်းသူ ပြည်သားတို့၏ စီးပွားရေးမှတ်တမ်းများလည်း ထိုခေတ် သမိုင်းအထောက်အထားအဖြစ် တင်ကျန်ရစ်ခဲ့သည်လည်း ရှိ၏။ ဗဒုံမင်းလက်ထက် မှတ်တမ်းမှတ်ရာများကို အစဉ်အဆက် မင်းတို့မပျက်သော လှုံ့လဖြင့် ကူးယူလေ့လာကျင့်သုံးကြသည်။ ဤသို့အားဖြင့် ဗဒုံမင်းလက်ထက် သမိုင်းဆိုင်ရာအထောက်အထား အများအပြားကျန်ရှိနေ၏။

ဗဒုံမင်း၏ အမိန့်တော် အမှာတော် အမိန့်တော်တမ်း စာချွန်တော်များ မင်းခမ်းမင်းနားနှင့်ဆိုင်သော စာတမ်းအမျိုးမျိုး စစ်တမ်းများ မူရင်းကျောက်စာ ဆင့်ထိုးစပ်ထိုးကျောက်စာ ခေါင်းလောင်းစာ မင်စာ ကျောက်သပိတ်တော်မှစာ သစ်ထွင်းစာ ကမ္ပည်းစာများစသည်ဖြင့် အထောက်အထား အမြောက်အမြားရှိခဲ့ပေသည်။ ပြည်သူတို့၏ စီးပွားရေး ဆိုင်ရာ လယ်ပေါင် မြေရောင်း ငွေချေး ကျွန်ရောင်းစသည်ဖြင့် မှတ်တမ်းငယ်များလည်း ရှိခဲ့သေး၏။ နိုင်ငံခြားဆက်သွယ်ရေးနှင့် စီးပွားကုန်သွယ်ရေး သာသနာရေးဆိုင်ရာ အမှတ်အသား စသည်ဖြင့် များပြားလှသော သမိုင်းမှတ်တမ်းများကိုလည်း တွေ့ရှိရပေသည်။ ယင်းသို့ များပြားလှသော အထောက်အထားများကို သုတေသီ တဦးတယောက်တည်းဖြင့်သော်၎င်း၊ စာတမ်းတစောင်တဖွဲ့တည်းဖြင့်သော်၎င်း ရှာဖွေတင်ပြရုံဖြင့် ပြီးပြည့်စုံမည်မဟုတ်ပေ။ ဗဒုံမင်းလက်ထက်မှ ကျန်ရှိခဲ့သော အထောက်အထားများကို ပညာရှင် သုတေသီအပေါင်း စုပေါင်း ရှာဖွေဖော်ထုတ်မှသာလျှင် ပြည့်စုံကောင်း ပြည့်စုံမည်ဖြစ်ပေသည်။

ဤစာတမ်းတွင် စုဆောင်းပြီးဖြစ်သော ဗဒုံမင်းလက်ထက် အထောက်အထားများ အနက် သမိုင်းလေ့လာသူတို့အဖို့ ကောင်းနိုးရာရာအချက်အလက်များကို လွယ်ကူစွာလေ့လာနိုင်ရန်ပဏာမအနေဖြင့် တင်ပြခြင်းမျှသာဖြစ်ပေရာ အထောက်အထားများကို ကျောက်စာများ၊အမိန့်တော်များ စသည်ဖြင့် အမျိုးအစားအလိုက် ခွဲခြားတင်ပြခြင်းမျိုးမဟုတ်ပဲ နိုင်ငံရေး၊ နိုင်ငံခြားဆက်သွယ်ရေး၊ အုပ်ချုပ်ရေး၊စီးပွားရေး၊ သာသနာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အထွေထွေခန်း စသည်ဖြင့် ကဏ္ဍ

ခြားလျက် တင်ပြခြင်းသာဖြစ်ပေသည်။ ဤသို့ ကဏ္ဍပိုင်းခြား၍ တင်ပြခြင်းအားဖြင့် ပညာရှင် သုတေသီအများ သဘောပေါက်လွယ် နားလည်လွယ်မည်ဟု ယူဆပါသည်။ ထို့ကြောင့် ဗဒုံမင်း လက်ထက်မှ ကြွင်းကျန်ရစ်ခဲ့သော သမိုင်းအထောက်အထားများမှ ကောက်နုတ်၍ စီကာ စဉ်ကာ တင်ပြပါမည်။

ရှေးဦးစွာ နိုင်ငံရေးဆိုင်ရာ အထောက်အထားများမှ အနည်းငယ်ထုတ်နုတ်တင်ပြပါမည်။ ဗဒုံမင်းသည် သက္ကရာဇ် ၁၁၄၃ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၄ ရက် တနင်္လာနေ့တွင်[၁] ရတနာပူရ အဝထီးနန်းကို သိမ်းမြန်းစိုးစံတော်မူ၏။ ထို့နောက် ထီးပေါင်းကားမည်သောအရပ်တွင် မြို့တော်သစ် တည်တော်မူစေ၏။ ထိုမြို့သည်ကား အမရပူရမြို့ဖြစ်သတည်း။ **ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး** တွင် မြို့တည်ခြင်းအကြောင်း အနည်းငယ်မျှသာ ဖော်ပြထားသော်လည်း[၂] အမရပူရ မြို့ဘည် စာတမ်း၌ မြို့တည်ပုံကို အကျယ်တဝင့်ဖော်ပြထားပါသည်။ ယင်းစာတမ်းကြီးသည် ပုံနှိပ်ခြင်း မပြုရ သေးပဲ ပေမူအဖြစ်သာ တည်ရှိနေပါသေးသည်။[၃] ဗဒုံမင်းသည် အမရပူရမြို့တော်ကို သက္ကရာဇ် ၁၁၄၅ ခု နယုန်လပြည့်ကျော် ၂ ရက် စနေနေ့တွင်[၄] သိမ်းမြန်းစိုးစံတော်မူ၍ ထို လပြည့်ကျော် ၈ ရက် သောကြာနေ့တွင်[၅] ရာဇာဘိသေကခံတော်မူ၏။ ဤဘိသိက် အခမ်းအနားကို ရာဇဗလ ကျော်ထင်နှင့် လက်ဝဲနော်ရထာတို့က မော်ကွန်းများဖွဲ့ဆိုခဲ့ကြသည်။ ယင်းတို့တွင် ရာဇဗလကျော်ထင် ၏ မော်ကွန်းမှာ ပုံနှိပ်ပြီးဖြစ်၍[၆] လက်ဝဲနော်ရထာရေး မော်ကွန်းမှာ ပုံမနှိပ်ရသေးချေ။[၇] ဗဒုံမင်း သည် ဘိသိက်ခံတော်မူပြီးနောက် မျှားမကြာမီပင် မြောက်နန်းမိဖုရား သီရိမဟာစန္ဒာဒေဝီတွင် ဖွားမြင်တော်မူသည့် ရွှေတောင်မင်း သတိုးဓမ္မရာဇာကို အရှင်မိဖုရားခေါင်ကြီး သီရိပဝရမဟာမင်္ဂလာ ရတနာဒေဝီတွင် ဖွားမြင်တော်မူသည့် တောင်တွင်းကြီးမြို့စားမင်းသမီး သီရိ မဟာတိလောက ရတနာဒေဝီနှင့် သက္ကရာဇ် ၁၁၄၅ ခု ဒုတိယဝါဆိုလဆန်း ၂ ရက် တနင်္လာနေ့တွင်[၈] ထိမ်းမြား လက်ထပ်တော်မူ၍ အိမ်ရှေ့နှင်းတော်မူသည်။ အိမ်ရှေ့နှင်း အခမ်းအနားကို မှတ်တမ်း တင်ထားသည့် စာတမ်း အပြည့်အစုံကို **မဟာမင်္ဂလာမင်းခမ်းတော်** အမည်ရှိ ကျမ်းတွင် ဖတ်ရှုနိုင်ပါသည်။[၉]

အမရပူရမြို့တည်နန်းတည်မင်းတရားကြီးသည် သက္ကရာဇ် ၁၁၄၆ ခု နယုန်လဆန်း ၁၅ ရက် ဗုဒ္ဓဟူးနေ့တွင်[၁၀] မုဒ္ဓါဘိသိက်ခံတော်မူပြန်သည်။ ထိုသို့ ဘိသိက်ခံသည့် အခမ်းအနားတွင် မင်းသား မှူးမတ်တို့နေရန် နေရာစဉ်သတ်မှတ်သည့် အမိန့်တော်ကို အောက်ပါအတိုင်း တွေ့ရှိရ၏။

---

၁။ ၁၄–၂–၁၇၈၂

၂။ **ကဘဆ ၁။** ၅၅၇–၆၄ (၁၂၈၄ ခု)

၃။ အမျိုးသားစာကြည့်တိုက် ၁၀၂/၁၅၉ (၉၃ ပေ)

၄။ ၁၇–၅–၁၇၈၃

၅။ ၂၃–၅–၁၇၈၃

၆။ **မုဒ္ဒါဘိသိက်မော်ကွန်း** (ဟံသာဝတီသတင်းစာ ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၂၉၀ ပြည့်)

၇။ အမျိုးသားစာကြည့်တိုက် ပေ/၁၄၁၇

၈။ ၃၀–၆–၁၇၈၃။

၉။ **မြန်မာမင်္ဂလာမင်းခမ်းတော်**(မြန်မာ့တာရာသတင်းစာတိုက်၊ မန္တလေးမြို့၊ ၁၉၀၅ ခု)စာမျက်နှာ ၃၃–၇၃။ အိမ်ရှေ့မင်းနှင်းပုံကို **လောကဗျူဟာကျမ်း** ပထမတွဲတွင်လည်း ပါရှိ၏။

၁၀။ ၂–၆–၁၇၈၄

> မုဒ္ဒါဘိသေက ခံတော်မူမည်။ ဘိသိက်နန်းတော်တွင် ချထားရမည့် နေရာစဉ်မှာ အရှေ့မြောက်အိမ်ရှေ့မင်း၊ ၎င်းအောက် စကုမင်း၊ ၎င်းအောက် ကာမမင်း၊ ၎င်းအောက် ပုခန်းကြီးမြို့စားဝန်ကြီး သတိုးမဟာသီဟသူ၊ ၎င်းအောက် ဘိသိက်သွန်း ပုဏ္ဏား ၈ ယောက်၊ ၎င်းအောက် စော်ဘွားကြီး၊ ၎င်းနောက် အမှူးအမတ်၊ ၎င်းအောက် မြို့စားစု၊ ၎င်းနောက် မှူးငယ်မတ်ငယ်၊ အနောက်တောင်ထောင့် သူဌေး၊ အနောက် မြောက်ထောင့် သူကြွယ်တို့ကို ချထား၍နေစေ။ ။
>
> ၁၁၄၆ ခု နယုန်လဆန်း ၁၃ ရက်နေ့ နားခံစမြောင်မှူးတွင်ပြန်။

ဟူ၍ ဖြစ်ပါသည်။

ဗဒုံမင်းသည် နန်းသက်ဘလျှောက်တွင် နန်းတွင်းအရေးတော်ပုံများနှင့် သူပုန် သူကန်တို့ ရန်များကို ရံဖန်ရံခါ တွန်းလှန် နှိမ်နင်းခဲ့ရ၏။ ဖောင်းကားစားမောင်မောင်ကို နန်းမှ ချ၍ မင်းအဖြစ်ကိုခံယူခဲ့သည့် ဗဒုံမင်းကို ဖောင်းကားရွာသားအချို့က မကျေနပ်ကြပေ။ ထို့ကြောင့် ထီးနန်းကို အလစ်ဝင်စီး၍ နန်းတက်ရန် ကြံစည်သည့် ငဖုန်း၏အရေးတွင် ပါဝင်ကူညီကြသည်။ ယင်းသို့ကြောင့် ဖောင်းကားရွာသားများကို ဗဒုံမင်းသည် အောင်မြေလောက စေတီတော်၌ အရံစောင့်အဖြစ် ရေစက်သွန်းချ လှူဒါန်းတော်မူ၏။

> ဖောင်းကားရွာသားတို့သည် ရွှေဘုံရွှေနန်းအနီးအပါးဝင်းတော်အတွင်း စောင့်နေထမ်းရွက်ကြသည့် အစုအမှုထမ်းဖြစ်လျက်ကျေးဇူးသစ္စာတော်ကိုမစောင့်၊ အကြိမ်ကြိမ် လူဆိုးလူသွမ်းတို့ကို ခေါ်ဝေါ်သွေးဆောင်၍ အရှင်ကို အရှင်မမှတ် ခြားနားသသူ ဖြစ်သောကြောင့် သင်းတို့ကို အတုပြု၍ အရပ်ရပ် အစုအမှုထမ်း ကျွန်တော်မျိုးတို့ နောက်နောင်မကျင့်မကြံဝံ့အောင်တကြောင်း၊ ကောင်းမှုကုသိုလ်တော်ပွားများစေခြင်း ငှာ တကြောင်းကို ထောက်တော်မူ၍ ဖောင်းကားရွာသားတို့ကို အောင်မြေလောက ဘုရားမှာ အရံစောင့်ဖြစ်စေခြင်း အလှူတော် ရွှေဘုရားနှင့် ရေစက်သွန်းလှူတော် မူမည်။

စသဖြင့်၎င်း၊ လှူမည့် လူဦးရေ ၁၁၈ ယောက်ဖြစ်ကြောင်းကို၎င်း အမိန့်တော်တရပ်တွင် ပါရှိ၏။[3] အောင်မြေလောကကျောက်စာကိုကြည့်လျှင်လည်း ယင်းသို့ လှူဒါန်းသည့်လူစာရင်းကို အမည်နာမ နှင့်တကွ တွေ့ရှိရပေမည်။[4]

သက္ကရာဇ် ၁၁၄၅ ခုပြာသိုလတွင် နန်းတွင်းအရေးအခင်းတခု ပေါ်ပေါက်ပြန်သည်။ ထိုအရေး အခင်းနှင့် စပ်လျဉ်း၍ စလေစားနှင့် အင်းမကြီးစားတို့ကို စားကျေးမြို့ရွာများ နုတ်ယယ်၍ အကျဉ်း ထားစေသည့်ပြင် အင်းယင်သိခ်ကျော်ခေါင်ပုံချီနှင့် ယက္ခရဲတို့ကိုလည်းကွပ်မျက်စေသည်။ ကြံရာပါ

---

၁။ ၃၁–၅–၁၇၈၄

၂။ အမျိုးသားစာကြည့်တိုက် ကင်းပု ၃၅၀ (နောင်တွင် အမျိုးသားစာကြည့်တိုက်ကို အမျိုးသားဟူ၍သာ ဖော်ပြပါတော့မည်။)

၃။ ၁၁၄၅ ခု၊ တော်သလင်းလဆန်း ၃ ရက်နေ့ (၂၉–၈–၁၇၈၃) ထုတ်ပြန်သည့်အမိန့်တော်။ (အမျိုးသား ပု ၃၅၀။)

၄။ စာရင်း ၁၁၄၉ ၏ မူရင်းကျောက်–ကျော

အခြားလူ ၉ ယောက်ကိုမူ သစ်တောသို့ ပို့စေရ၏။[၁] ညီတော် ပင်းတလဲမင်းသားအရေး စသည့် အခြားနန်းတွင်းအရေးတော်ပုံများအကြောင်းကိုလည်း အမိန့်တော်များ၌ တွေ့ရှိရပေသည်။[၂]

သူပုန်သူကန် အရေးများနှင့် စပ်လျဉ်း၍ တွေ့ရှိရသည်မှာ

> မဟာခန်မှာလည်း နိုင်ငံတော်ကျိုင်းတုံမြို့နယ်အတွင်း နေပြီးလျှင် ထောင်ထား ဆိုးသွမ်းသူဖြစ်သည်။ မဟာခန်ကို ရအောင်တိုက်ဖျက်သိမ်းယူရမည့် အကြောင်းနှင့် မိုးနဲ ဗိုလ်မှူးသို့ မှာထား၍ လာလူ ကန်သစ်သူကြီးကို အလျှင်ပြန်စေ။[၃]
> မဟာခန်ကို အဆင့်အဆီး လူ ၂၀၀၀ ခန့်ထားချီသွားစေရမည်မှာ ဒိုင်းဝန်ကိုလွှတ်သို့ တက်၍ စစ်ကိုင်းမင်း ပြည်မင်း တောင်ငူမင်း ပုဂံမင်း ပုခန်းမင်း မိုးမိတ်မင်းတို့ ဆင့်ဆိုရာ နာခံခန့်တောင်းစေ။[၄]

ဟူ၍ ဖြစ်ပါသည်။

ငြိမ်ဝပ်ပိပြားရေးသည်လည်း နိုင်ငံ၏အရေးကြီးသော အချက်ဖြစ်ပေ၏။ ငြိမ်ဝပ် ပိပြား ရေးကို ရှေးရှု၍ ဓားပြ သူခိုးများအားနှိမ်နင်းသည့် အထောက်အထားများ ရံဖန်ရံခါ တွေ့ရှိရ ပေသည်။

> မြောက်ဖက် မော်တုံမော်ကယ် ပင်ချိုင် ပင်သာ အင်ထောက်သာ မြို့ရွာများနှင့် ကျီဝန်ဝန်စု အင်တိုင်း ၅ ရွာ နောင်ကောက် ၁၀ ရွာ ကျွန်းလမက်တောင် အင်တိုင်း အင်းကြီး ခင်ပင် ကျေးရွာများမှာ လူဆိုး လူသွမ်း သူခိုးဓားပြမပေါ်မရှိစေရ၊ ငြိမ်ဝပ် သာယာအောင် ရန်ခွင်းသူရကို သေနတ် ၂၀၀ ပေးအပ်၍ ကျေးရွာကို ဝန်ခန့်ထား အုပ်ထိန်းစေမည်။[၅]
>
> ဓားပြင်ကောက် ငရွှေမင်းတို့ကို အဖမ်းအဆီး ခန့်တော်မူသည်။ တပ်ကောင်ဟန်ဝန် သီရိဝတ္တဗိုလ် စက်မီးတိမ်ကျော် ပျံချီကျော်စွာ မက္ခရာမင်းအကြီး ရန္တမိတ်ကျော်ထင်တို့ တစုကို ရွှေဘဝါးတော်အောက် ပြန်လှာစေ အမိန့်တော်ပါသည်မှာ မက္ခရာမင်းအကြီး ရန္တမိတ်ကျော်ထင်နှင့် အုပ်စုလူတို့ကိုသာ အမိန့်တော်ရင်းအတိုင်း ပြန်လှာစေ။ တပ် ကောင်ဟန်ဝန် သီရိဝတ္တဗိုလ်စက်မီးတိမ်ကျော် ပျံချီကျော်စွာတို့ တစုကို မပြန်စေနှင့်။

---

၁။ ၁၁၄၅ ခု၊ ပြာသိုလပြည့်ကျော် ၁၀ ရက်နေ့ (၁၆–၁–၁၇၈၄) ထုတ်ပြန်သည့်အမိန့်တော်။ (အမျိုးသား ပု ၃၅၀)
၂။ ၁၁၄၆ ခု၊ ကဆုန်လဆန်း ၁၀ ရက်နေ့ (၂၈–၄–၁၇၈၄)
၁၁၄၆ ခု၊ ဝါဆိုလပြည့်ကျော် ၆ ရက်နေ့ (၇–၇–၁၇၈၄)
၁၁၄၆ ခု၊ ဝါဆိုလပြည့်ကျော် ၇ ရက်နေ့ (၈–၇–၁၇၈၄) ထုတ်ပြန်သည့်အမိန့်တော် စသည်တို့။ (အမျိုး သား ပု ၃၅၀) နောက်ဆက်တွဲ ၁ ရှု။
၃။ အမိန့်တော်များ ၃၁၁ (ရှေးဟောင်းသုတေသနဌာနစာစု)
၄။ အမိန့်တော်များ ၃၁၂–၃၁၃ (ရှေးဟောင်း)။ ၃၄၃ လည်းရှု။
၅။ အမိန့်တော်များ ၉၀ (ရှေးဟောင်း) ၁၁၆၇ ခု၊ တန်ခူးလဆန်း ၃ ရက်နေ့ (၂၂–၃–၁၈၀၆)

ပုံ့ချိကျော်စွာကို တပ်ကောင်ဟန်ဝန်နှင့်ပေါင်း၍ ငကောက် ငရွှေမင်းတို့တစုကို ဖမ်းဆီးစေ။ ငကောက် ငရွှေမင်းတို့ နေထိုင်သည်မှာလည်း ယောမြို့နယ်တွင်း ကျောက်မဆင် ကျေးရွာ တောတောင်များမှာ မပြတ်ရှိနေကြောင်းကို ဖမ်းမိသူတို့စစ်မေးချက်များတွင် ပါသည်။

ယောမြို့ဝန် မြို့သူကြီးတို့က ဖမ်းဆီးလျှင် မိရမည်ဖြစ်လျက် တွေ့မိအောင် မဖမ်းမဆီး သောကြောင့် မမိမရ ရှိရသည်ဖြစ်သည်။ ယောမြို့ဝန် မြို့သူကြီး သူကြီးငယ်တို့ကို တပ်ကောင် ဟန်ဝန်သီရိဝဍ္ဍကိုလ် ဆင့်ဆိုရာ နာခံ၍ ဓားပြလူဆိုး ငကောက် ငရွှေမင်းတို့ တစုကို တွေ့မိအောင် ဖမ်းဆီးစေ။[၁]

ဟူ၍ ပါရှိပါသည်။ သက္ကရာဇ် ၁၁၇၀ ပြည့်နှင့် ၁၁၇၅ ခုနှစ် အကြားတွင် ဓားပြ လူဆိုးတို့သည် လွန်စွာဆိုးသွမ်းသောင်းကျန်းကြ၏။ ထိုသို့ ဆိုးသွမ်းသည်များကို တင်းကျပ်စွာ နှိမ်နင်းရန် အမိန့်တော်များ ထုတ်ပြန်ခဲ့သည်။[၂] သူခိုး လူဆိုးတို့သည် အဝေးမြို့ ကျေးရွာများတွင်သာ သောင်းကျန်း ကြသည် မဟုတ်၊ အမရပူရ ရွှေမြို့တော်တွင်ပင် ရံဖန်ရံခါ ကျက်စားလေသည်။ ထို့ကြောင့် အမိန့်တော် တရပ်တွင်

ရွှေမြို့တော်မှာ သူခိုး လူဆိုး ပေါ်ထွက်ခိုးယူကြောင်းကို ရွှေနားတော်မြတ်ကြား တော်မူသည်။ သူခိုး လူဆိုးတို့ကို အိမ်ရှေ့မင်းက မိအောင်ဖမ်း၍ ရွှေဘဝါးတော်အောက် ဆက်လာစေ။

ဟူ၍ တွေ့ရှိရ၏။[၃]

နယ်ပယ်အတွင်း ဆိုးသွမ်းထကြွသည့် သူခိုးလူဆိုးတို့ကို မနှိမ်နင်းနိုင်သော အရာရှိအရာခံတို့ အားလည်း ရာဇဝတ်ပြစ်ဒဏ်ပေးသော ထုံးများလည်း မှတ်တမ်းတို့မှ သိရှိရ၏။ ဥပမာ

သီပေါမြို့နယ်အတွင်း ဓားပြတိုက်ခိုက်၍ ရွှေငွေအထည်အလိပ် ဆုံးပျောက်ကြောင်း နှင့် ရွှေတိုက်ဝန်က ရှိခိုးသံတော်ဦးတင်သည်။ တိုက်ခိုက်သည့်ဓားပြတို့ကို သီပေါမြို့က တွေ့မိအောင် ဖမ်းဆီး၍အပ်စေ။ မအပ်နိုင်လျှင် တရွတ်တို့တွင် ဓားပြတိုက်ခိုက်ရာ ပါသည်မှန်သမျှ ဥစ္စာကို သီပေါမြို့က အစားလျော်စေ။[၄]

ရွှေမြို့တော်မြောက်ပြင် ပလိုင်းရပ်တွင် ညဥ့်အချိန် ကျေးအိမ်သို့ သူခိုးတက်၍ ခိုးယူ ကြောင်းနှင့် စစ်ကြောချက်ကို ဆက်သွင်းသည်မှာ အရပ်အကွက်မှာ ခိုးယူသည့် သူခိုးကိုမိအောင် မဖမ်းမဆီးဖြစ်သည်။ ခိုးယူပျောက်ဆုံးသည့်ဥစ္စာကို ဥစ္စာရှင် အမှန် ဆိုစေ။ ဆိုဝံ့သမျှဥစ္စာကို ထောင်မှူးကင်းအုပ် ကင်းခေါင်း ကင်းစောင့် ကင်းနေ သွေးကြီး သွေးဆော် အရပ်သားတို့က ပေးလျော်စေ။[၅]

---

၁။ **အမိန့်တော်များ** ၇၀၃–၇၀၅ (ရှေးဟောင်း) ၁၁၇၂ ခု ပထမဝါဆိုလဆန်း ၇ ရက်နေ့ (၂–၆–၁၈၁၀)
၂။ ယင်းအမိန့်တော်အချို့ကို နောက်ဆက်တွဲ ၂ တွင် ဖော်ပြထားပါသည်။
၃။ **အမိန့်တော်များ** ၂၂၂။ (ရှေးဟောင်း)
၄။ **အမိန့်တော်များ** ၇၄–၅။ (ရှေးဟောင်း)
၅။ **အမိန့်တော်များ** ၉၇၃ (ရှေးဟောင်း)

> တောင်ဖက်တိုက်ဝန်အိမ်သို့ ညည့်အချိန် သူခိုးတက်ရောက် ခိုးယူသည့် အမှုမှာ အရပ်အနေလူတို့ မကူမညီ မဖမ်းမဆီးသောကြောင့် သူခိုးကိုမမိ လွတ်ရသည် ဖြစ်သည်။ ခိုးယူရာပါသမျှကို ဥစ္စာရှင် အမှန်ဆိုစေ။ ဆိုဝံ့သမျှ ဥစ္စာရပ်ကို သွေးကြီး သွေးဆောင် အရပ်သားတစုတို့က လျော်စေ။ သေနတ် ကင်းအစောင့်အနေ လူတို့ကို ၅ ချက်စီ ရိုက်။ တောင်ဖက်တိုက်ဝန်မှာလည်း မှူးမတ်ဖြစ်လျက် သူခိုး ၁၀ ကျော် အိမ်သို့ တက်ရောက်သည်ကို မိအောင်မဖမ်းမဆီးနိုင်ဖြစ်သည်။ တိုက်ဝန်အရာကနုတ်။ တိုက်ဝန်အဆောင်အရွက် ဗောင်း ဝတ်လုံ စလွယ်များကိုနုတ်။ တိုက်စာရေးအရာနှင့်သာ ထမ်းရွက်စေ။ တောင်ဖက်တိုက်ဝန်အရာကိုလည်း တော်သင့်သူကို အိမ်ရှေ့မင်းက ရွေး၍ခန့်ထားစေ။[၁]

ဟုအမိန့်တော်များ၌ တွေ့ရှိရ၏။

နိုင်ငံရေးအပါအဝင် စစ်ချီစစ်တက်နှင့် စပ်လျဉ်း၍ အမိန့်တော်များ ပြန်တမ်းများ ရှိပါသည်။ သက္ကရာဇ် ၁၁၄၆ ခုနှစ်တွင် ဓညဝတီရခိုင်ပြည်သို့ ချီတက်ရန် တပ်မတော်များနှင့် လိုက်ပါရမည့် စစ်ကဲများကို

> ရခိုင် အမှုတော် ကောင်းရာ လိုက်စေရမည်မှာ အိမ်ရှေ့မင်းတပ်တွင် အမြင့်မြို့စားမင်းကြီး မင်းခေါင်ကျော်နှင့် အိမ်ရှေ့ဝန် နေမျိုးကျော်ထင် သီဟသူကို စစ်ကဲ၊ စကုမင်းတပ်မှာ နေမျိုးသီဟသူ နေမျိုးစည်သူကျော်ထင် တို့ကို စစ်ကဲ၊ ကာမမင်းတပ်မှာ နေမျိုးသီဟကျော်စွာ နေမျိုးကျော်ထင်တို့ကို စစ်ကဲခန့်။ ။

၁၁၄၆ ခု တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့[၂] နားခံဇေယနော်ရထာကို ခေါ်၍ ပြန်တူ၍ အမိန့်တော်ဖြင့် ခန့်ထားသည်။[၃] ၎င်းပြင် ရခိုင်သို့ အမှုတော်ကောင်းရာ လိုက်ပါထမ်းရွက်ရမည့်သူများကို လိုက်ပါထမ်းရွက်ရမည့်တပ်များနှင့်တကွ ဖော်ပြထားသည်ကို အမိန့်တော်များ၌ တွေ့ရ၏။[၄] သက္ကရာဇ် ၁၁၄၆ ခု တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့တွင်[၅] ထုတ်ပြန်သည့် ရခိုင် ဓညဝတီချီဗိုလ်မှူးခန့် ပြန်တမ်းတွင် အိမ်ရှေ့မင်းကို "ဗိုလ်မှူးအချုပ်" ခန့်တော်မူ၍ ဥယျာဉ်ပုကြောင်း လင်းပတော့ကြောင်း မင်းတုန်းကြောင်းနှင့် ရေကြောင်း စစ် ၄ ကြောင်းဖြန့်ချီသည့် တပ်စဉ်နှင့် မြင်း သေနတ် လက်နက်ကိုင် အမြောက်ကျည်ဆွေ့ တိုက်လှေအင်အားများကို ဖော်ပြပြီးနောက် သာလွန်

---

၁။ အမိန့်တော်များ ၁၀၁၂–၁၀၁၃ (ရွှေဟောင်း) ၁၁၇၃ ခု၊ တပို့တွဲလဆန်း ၁ ရက်နေ့ (၁၂–၃–၁၈၁၂) နားခံစမြောင်မှူးတွင်ပြန်။

၂။ အမိန့်တော်များ (အမျိုးသား ပု ၃၅၀) ၁၁၄၆ ခု၊ တော်သလင်းလပြည့်ကျော် ၁ ရက်နေ့ (၈–၉–၁၇၈၄)

၃။ ဓညဝတီချီဗိုလ်မှူးခန့်ပြန်တမ်း (အမျိုးသား ပု ၃၅၆) တွင်ပါဝင်သည့် စစ်ကဲအမည်အချို့မှာ အထက်တွင် ဖော်ပြပါအမည်များနှင့် ကွဲပြားသည်။

၄။ အမိန့်တော်များ (အမျိုးသား ပု ၃၅၀) ၁၁၄၆ ခု၊ သီတင်းကျွတ်လဆန်း ၂ ရက်နေ့ (၁၅–၉–၁၇၈၄) သီတင်းကျွတ်လဆန်း ၁၅ ရက်နေ့ (၂၈–၉–၁၇၈၄) ထုတ်ပြန်သည့် အမိန့်တော်များ စသည်။ ဥပမာ အချို့ကို နောက်ဆက်တွဲ ၃ တွင် ပြထားပါသည်။

၅။ ၁၆–၁၀–၁၇၈၄။

မင်းတရားကဲ့သို့ပင်[၁] လမ်းခရီးတလျှောက် ဆင်းရဲသားကျွန်တော်မျိုးတို့၏ သက်ရှိသက်မဲ့ ဥစ္စာပစ္စည်းများကို မထိမခိုက်ရန်နှင့် အသောက်အစား ကြေးငွေစားယူခြင်းကို ရှောင်ကြဉ်ရန် မှာကြားတော်မူ၏။ ထို့နောက် တပ်မတော် လိုက်နာရမည့် စည်းကမ်းများကို ဖော်ပြထားသည်။

စခန်းချတိုင်း ချတိုင်း တပ်တော်များကို အစည်းအကြပ်နှင့် ညီညွတ်စွာ ချနေစေ။ တပ်တွင် ရဲမက်ဗိုလ်ပါ အရောက် မညီသည်ကို ဆင်မြင်းကြိုးက မချစေနှင့်။ အရောက်ညီမှ ကြိုးက ချစေ။ ဆင်မြင်းများကိုလည်း ကြိုးလွန်မကျွံ ထိန်းကျောင်းရမည့်အကြောင်း၊ တပ်တော်များတွင်လည်း သူရဲ သူခက်တို့ နိမိတ် မင်္ဂလာမရှိသည့် စကားကို မပြောမဆိုစေရမည့်အကြောင်းနှင့် ဗိုလ်မှူး တပ်မှူး စစ်ကဲ နားခံ ဆင်စီး မြင်းစီးတို့ကို မှတ်စာပေး၍ ကျပ်ကျပ်တည်းတည်းစီရင်။ သူရဲသူခက်တို့လည်း လက်နက် ကိုယ်မကွာစေနှင့်၊ ဆင်တော်များလည်း ဆင်ကြီးရည်ကောင်းတိုက်ဆင်များဖြစ်သည်။ လမ်းခရီးတွင် မပင်မပန်း မလျော့ရအောင် မြက်ကောင်းရေကောင်း ဖြည့်တင်း ကျွေးမွေး၍ သာယာစွာ ဆောင်ယူရမည်။ တပ်ပါ မြင်းများကိုလည်း လမ်းခရီးက မစီးမနင်းစေနှင့်။....အချုပ်က နှိုးဆော်ခေါ်လျှင်လည်း တပ်ရှိဗိုလ်မှူးတပ်မှူးစစ်ကဲနားခံ တပ်စာရေးအမည်ရ သွေးသောက်ကြီး အမှုထမ်းတို့ ခေါ်ချပ်ကာ တပ်မတော်သို့ ရောက်စေရမည်။

တပ်မတော်များ အရောက်ညီ၍ ချရပ်မိလျှင် လေးမျက်နှာ လမ်းပေါက်လစ်စေ တော်သင့်ရာ စုံစမ်းစေပြီးမှ ဆင်စာ မြင်းစာကို ရှာယူစေ။ တပ်တွင်းတပ်ပြင် အနီးအစပ် တွင် မကောင်းဟောင်းနွမ်းသည့် အဆွေးအမြည့် မရှိစေရ။ ရှင်းလင်း သုတ်သင်စေ။ သူရဲသူခက်တို့ ချက်ပြုတ်စားသောက်သည့် ကာလလွန်လျှင် မီးမထား မရှိစေနှင့်။ တညဥ့် လေးယံမောင်းခပ်၍ လှည့်ပတ်ကြည့်ရှု နှိုးဆော်စေ။ တပ်တော်များတွင်လည်း ဆူးငြောင့်ခလုတ်မြင်းတားလုံခြုံအောင် တပ်စဉ်အတိုင်း လုပ်ဆောင်ချနေ စီရင်ပြီးလျှင် မျိုးရိက္ခာ လုံလောက်စွာ ခန့်ဟွက်သွင်းထားရမည်။

သင်းတို့ အကြောင်းအရာ အကြံအစည် အရိပ်အခြည်ကိုသိရအောင် ရဲရောင်မြန်မာ သူတို့ကို ရွေးခြယ်ခန့်ထား၍ ကြည်းကြောင်း ရေကြောင်း သင့်ရာ ကင်းရှည်ကင်းထို သွားစုံစမ်းစေ။ အကြောင်းအရာ သိထင်မြင်ရလျှင်လည်း ရေကြောင်းကအခိုင်အဖြီး လုပ်ကြံစေသင့်မည်၊ ကြည်းကြောင်းက အခိုင်အဖြီးလုပ်ကြံစေသင့်မည်၊ ရေကြောင်း ကြည်းကြောင်းဖက်၍ လုပ်သင့်မည်၊ အရေးအကြောင်း ထင်မြင်ရာ ဗိုလ်မှူးတပ်မှူး စစ်ကဲ နားခံတို့ တိုင်ပင်၍ အရေးတော်အားကြီးရာ ဖိဖိစီးစီး ချီသွားလုပ်ကြံ ရှင်းလင်း ရမည်။

စစ်ရေး စစ်မှု ဆိုသည့် အရာသည် စစ်ဦး စစ်စ ကောင်းမှ စစ်လယ် စစ်နှောင်း ကောင်းမည်။ တွေးတောမြော်မြင်စီရင်ခန့်ထား၍ အမှုတော်ကို စည်းစည်း ကြပ်ကြပ် ကွပ်ညှပ်စီရင် စွန့်စားထမ်းရွက် တိုက်လံလုပ်ကြံနှိပ်နွမ်းရှင်းလင်းသိမ်းယူရမည်။

---

၁။ ဒေါက်တာသန်းထွန်း "သာလွန်မင်းလက်ထက် အုပ်ချုပ်ရေး" မြန်မာနိုင်ငံ သုတေသနအသင်း ဂျာနယ် (မသဂ) အတွဲ ၄၉၊ စာမျက်နှာ ၅၅။

> အရေးအကြောင်း အရိပ်အခြည်ထင်မြင်သမျှကိုလည်း ဗိုလ်မှူး တပ်မှူး စစ်ကဲနားခံ အမှုထမ်း တပ်ချုပ်ဗိုလ်မှူး စစ်ကဲ နားခံ အမှုထမ်းတို့နှင့် သည်အရေးမှာ သို့ လုပ်ကြံရမည် ညီညွတ်စွာ စုရုံးတိုင်ပင်၍ အရေးတော်ပြီးပြေလွယ်အောင် လုပ်ကြံကြရမည်။အရေး အကြောင်းရှိသမျှကိုလည်း ကြားသိတော်မူရအောင် သင့်ရာ ခန့်ထား၍ မပြတ်မလပ် ရှိခိုးသံတော်ဦးတင်လာစေ။

စသည်ဖြင့် ဖြစ်ပေ၏။[၁] ရခိုင်ပြည်၌သက္ကရာဇ် ၁၁၇၃ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သည့် အရေးအခင်း များနှင့် စပ်လျဉ်း၍လည်း အထောက်အထားများ ရှိသေး၏။

> ရခိုင်အရေးအကြောင်းမှာ ဒလက်ကြောင်း မအီကြောင်း မော်တင်ကြောင်း တပ်များအရောက်စုံညီလျှင် အလွယ်တကူအရေးတော် ကုန်တွင်ရမည်ဖြစ်လျက် မင်းလှ စည်သူ အကြီးအကြပ် အဆင့်အဆို ပေါ့လျော့သောကြောင့် အဆိုက်အရောက် မစုံညီ လရက်ရှည်ကြာ ရှိရသည်ဖြစ်သည်။ မင်းလှစည်သူကို ရွှေဘ၀ါးတော်အောက်ခေါ်စေ။ မင်းရဲမင်းလှကျော်ထင်ကို ပြည်မြို့က ရပ်နေစေ၍ ရခိုင်အရေးတော်နှင့် မြစ်ရိုးမြစ်စဉ် ပေါ်ရှိသည့် သူခိုးဓားပြတို့ကို ရှင်းလင်းအောင် စီရင်စည်းကြပ် ထမ်းရွက်စေ။[၂]

ယခုတဖန် သက္ကရာဇ် ၁၁၇၀ ပြည့်နှစ်တွင် တပ်တော်များကို ဇင်းမယ်သို့ ချီတက်ရန် စီစဉ် ခန့်ရန်တော်မူသည်များနှင့် ဗဒုံမင်းကိုယ်တော်တိုင် သီပေါရောက် ချီတက်ရန် စီရင်တော်မူသည်များ ကို တင်ပြပါမည်။ ဇင်းမယ်သို့ ချီတက်မည့် ရဲမက်များကို မိုးနဲကြောင်း သိန္နီကြောင်းနှင့် ယွန်းစလင်းကြောင်း ချီတက်ရန် ခန့်ရန်တော်မူ၏။[၃] ထိုသို့ ချီတက်ရာ၌ လိုက်ပါထမ်းရွက်ရမည့် လက်နက်ကိုင်များကို စည်းကြပ်ရသောကိစ္စသည် သေးငယ်လှသည် မဟုတ်ပေ။ သူကြီးများကို နောက်တော်လိုက်နှင့် ဆင့်ဆိုရသည်။

> မြို့ရွာသူကြီးတို့ကိုလည်း အင်အားနှင့်လျော်အောင် နောက်လိုက် နောက်ပါနှင့် နောက်တော်လိုက်စေ။ မြို့ရွာမှာလည်း ညီသားတို့ကို အစောင့်အနေထားစေ။[၄]။

အရပ်ရပ် လက်နက်ကိုင်တို့ကိုလည်း စုစည်းစေရ၏။

> အရပ်ရပ်မြို့စု တိုက်စုများမှာ လက်နက်ကိုင်ကို အသည်အလာ မည်သည့်အစုအမှုထမ်း မဆို မြို့ရှင်ရွာရှင် မြို့ရွာသူကြီးတို့က တ၀တည်းသိမ်းရုံးစေ။ တိုက်ကျေးရွာများမှာလည်း တိုက်စာရေး ကျေးရွာသူကြီးတို့က တ၀တည်း သိမ်းရုံးစေ။ ရွှေဘ၀ါးတော်အောက် ရောက်သည့်ကာလမှ အစုအငန်းသားတို့နှင့်ပေးရာ ဖွဲ့ရာပါသည်တို့ကို ဆိုင်ရာ နှုတ်ယူပေးအပ်စေ။ မြို့ရွာသူကြီးတို့က သိမ်းရုံးရာ မလိုက်မလာ ငြင်းဆန်နေလျှင် အဆုံး

---

၁။ အမျိုးသား ပု ၃၅၆၊

၂။ အမိန့်တော်များ ၉၇၁။ ၁၁၇၃ ခု၊ ပြာသိုလဆန်း ၁၂ ရက်နေ့ (၂၅–၁၂–၁၈၁၁) (ရွှေဟောင်း) စာမျက်နှာ ၉၂၀၊ ၉၆၁၊ ၉၆၉၊ ၉၈၆၊ ၉၉၀၊ ၉၉၄၊ ၉၉၆ စသည်။ နောက်ဆက်တွဲ ၃ လည်းရှု။

၃။ အမိန့်တော်များ ၄၆၀၊ ၄၆၁၊ ၄၆၅ စသည်။ (ရွှေဟောင်း)

၄။ အမိန့်တော်များ ၄၆၁ (ရွှေဟောင်း) ၁၁၇၀ ပြည့် သီတင်းကျွတ်လဆန်း ၇ ရက်နေ့။

> စီရင်။ ကသည်း အက္ကပတ်တို့မှာလည်း မည်သည့်အစုအငန်းအမှုထမ်း ပေးဖွဲ့ရာပါမဆို တလုံးတဝတည်း အရပ် သွေးကြီး သွေးဆော်တို့က သိမ်းရုံး၍ လူကို စုပုံစေ။ လူ စုပုံမိမှ ဆိုင်ရာစာနှင့် ခွဲဝေပေးအပ် ထမ်းရွက်စေ။ ရေကင်းဝန်က သိမ်းစု သာယာဝတီမြို့ လိုင်မြို့ တရုတ်မော်မြို့ သာရဝေါ လက်နက်ကိုင်မှာ ရွှေဘဝါးတော်အောက် ဆန်ဘက်စေ။ ကျန် မြန်အောင်မြို့ ကနောင်မြို့ ဟင်းသတမြို့ ဓနုဖြူမြို့ ဇလွန်မြို့များမှာ ရေကင်းဝန်က အမိန့်တော်ရင်းအတိုင်း သိမ်းရုံး၍ ပုသိမ်မြို့ဝန်သို့ အပ်စေ။[၁]

ဝန်ထမ်းရန် လူများကိုလည်း ခန့်ရသည်။

> ကျီဝန်ဝန်စု ငွေခွန်ဝန်ဝန်စု လူတို့မှာ ရိက္ခာလမ်းမသင့်သူတို့ကို ဝန်တော်ဆောင်ခန့်။ ရိက္ခာလမ်းသင့်သူတို့မှာ ဝန်တော်ဆောင် မခန့်မထား ရိက္ခာတော်စပါးကို ခန့်ထား၍ပေးပို့စေ။ ဝန်တော်ဆောင် လူ ရိက္ခာ စပါးပေးရသူတို့ကို ရွှေစက်တော်ဖြန့်တော့်မူမည့်အခိုက် ငွေခွန်တော် အဆက်အသွင်းလွှတ်စေ။ သက္ကရာဇ် ၁၁၇၀ သတင်းကျွတ်လဆန်း ၁၀ ရက်နေ့ နားခံဘယကျော်ထင် တွင်ပြန်။[၂]

အမှုတော်ကောင်းရာ၌ လိုအပ်သည့်ရိက္ခာ ဝန်စည်စလယ်ကို သယ်ဆောင်ရန် ဝါးကျည်တောက်၊ ထန်းခေါက်ဖာ လှည်း စသည်များကိုပါ လုပ်ဆောင်စေရသည်။

> ရောက်နှင့်သည့် လက်နက်ကိုင်တို့ကို လူတကိုယ်လျှင် နှစ်စိတ်ကျပေးရန် စပါးမှာ တောင်ငူမင်းကျီ မြဲတောင်မင်းသမီးကျီ ၂ ရပ်က စပါး ၂၀၀၀၀ တင်း ပုသိမ်မင်းကျီက ၄၀၀၀ တင်း ပုခန်းမင်းကျီက ၅၀၀၀ တင်း ဝန်တော်အိမ်ကျီက ၁၀၀၀၀ တင်း မက္ခရာမင်းကျီက ၄၀၀၀၊ ကျောက်မော်မင်းသမီးကျီက ၅၀၀၀ တင်း၊ ကျီတော်က ၂၀၀၀ တင်း အစုစုစပါး ၅၀၀၀၀ ထုတ်၍ ရဲမက်လက်နက်ကိုင်တို့ကို ရိက္ခာပေးအပ် ချီသွားစေ။[၃] ရိက္ခာထမင်းမှုန့်ထည့်ရန် အရှေ့တောင်ရိုးမှ အဝ ၅ သစ် ၆ သစ်ရှိသည့် ဝါးပိုးများကို ခုတ်၍ အရှည်ဘတောင်ပြည့် အဖုံးအပိတ်နှင့် ၃၀၀၀၀၀ ရအောင် လုပ်ဆောင်စေ။
>
> သက္ကရာဇ် ၁၁၇၀ သတင်းကျွတ်လဆန်း ၉ ရက်နေ့ နားခံရာဇနော်ရထာ တွင်ပြန်။[၄]

လိုအပ်သည့် ထန်းခေါက်ဖာ ၃၀၀၀၀ ကျော် ၄၀၀၀၀ ကို မင်းကွန်းအနောက်ဖက်ထန်း မတဲထန်းများမှချိုင်၍ အိပ်ဖန်သားများကို ရက်လုပ်စေရသည်။[၅]

> လှည်းပေါင်းလုပ်သည်မှာ ရိုင်ကိုမိုးစေ။ ရိုင်ပေါ်မှာ ရွက်ကိုမိုးစေ။ မိုးရန်ရွက်မှာ မဏ္ဍပ်ကရွက်ကိုသိမ်း၍ မိုးစေ။[၆]

---

၁။ အမိန့်တော်များ ၄၆၂–၃။ ၁၁၇၀ သီတင်းကျွတ်လဆန်း ၈ ရက်နေ့။
    ၄၇၃၊ ၄၇၅ လည်းရှု (ရွှေဟောင်း)
၂။ အမိန့်တော်များ ၄၆၇။ (ရွှေဟောင်း)
၃။ အမိန့်တော်များ ၄၇၅။ (ရွှေဟောင်း)
၄။ အမိန့်တော်များ ၄၆၃။ (ရွှေဟောင်း)
၅။ အမိန့်တော်များ ၄၆၁–၂။ (ရွှေဟောင်း) ၄၆၆၊ ၄၈၉။
၆။ အမိန့်တော်များ ၄၈၉။ (ရွှေဟောင်း)

ချီတက်ရန် လမ်းခရီးများကိုလည်း ကြည့်ရှုပြင်ဆင်စေရသည်။

> သီပေါမြို့ရောက် ရွှေစက်တော်ဖြန့်တော်မူမည်။ လမ်းမှာ မည်သည့်လမ်းကသင့်မည်ကို ရွှာဟိုင်းစားသား ဗညားသေည်နှင့် သင့်ရာ ဖက်ခန့်ကြည့်ရှုစေ။ မည်သည့်အရပ်တွင် မည်သို့ လုပ်ဆောင်ပြင်ဆင်ရမည်များကိုလည်း မှတ်သားခဲ့စေ။ မှတ်သားချက်ပုံစံများကိုလည်း သွင်း။[၁]
>
> ညောင်ဘီလူးက ထွက်သည့်လမ်းပုံကို လွှတ်ကသင့်ရာလူထည့်၍ ကြည့်ရှုစေ။ ရွှေစက်တော်ဖြန့်မည့်လမ်းကို ပြင်ဆင်ရမည်မှာ တောင်စောင့်နတ်တို့ကို အမိန့်တော်ပြန်၍ ပွဲနတ်ရကာ ပသတင်ကြားပြီးလျှင် သစ်ဝါးခုတ်ပယ်ရန်ရှိသည်ကို ခုတ်ပယ်ရှင်းလင်း ပြင်ဆင်စေ။[၂]

ရဲမက်များ လမ်းခရီးတွင် နာဖျားလျှင် မြို့ရှင်ရွာရှင်တို့က ကုမရန်နှင့် သေလျှင်လည်း ကောင်းမွန်စွာ သင်္ဂြိုဟ်ရန် မှာကြားတော်မူရသည်။

> တပ်မတော်ချီတက်ရာပါသည့် လက်နက်ကိုင်တို့က မကျန်းမမာရှိ၍ မလိုက်နိုင်သူကို ခရီးလမ်းသင့်ရာ စော်ဘွား မြို့စားတို့ကိုအပ်၍ ဆေးဝါးကုသပေးစေ။ မာလျှင် တပ်တော်သို့လိုက်စေ။ သေလျှင် မြို့ရှင်ရွာရှင်တို့က ကောင်းမွန်အောင် သင်္ဂြိုဟ်စေ။ မှတ်စာမှာစာအပ်။[၃]

ဤသို့အားဖြင့် ဗဒုံမင်းကိုယ်တော်တိုင် စစ်ချီတက်သည်နှင့်ပတ်သက်၍ အထောက်အထား အများအပြား တွေ့ရှိရသည်။[၄] မိုးနဲ့ကြောင်းချီ မုတ္တမကြောင်းချီစသည့် စစ်ရေးဆိုင်ရာ အထောက်အထားများကိုလည်း ကြိုကြားကြိုကြား တွေ့ရ၏။[၅]

ဤသို့ စစ်ချီစစ်တက်ရာမှ ထွက်ပြေးတိမ်းရှောင်သည့် ထပ်ပြေးတပ်ရှောင်များ အကြောင်း အနည်းငယ် တင်ပြပါဦးမည်။ တပ်ပြေးတပ်ရှောင်တို့သည် ကြီးလေးသော အပြစ်ပေးခြင်း ခံကြရ၏။

> မိုးနဲ့တပ်တော်က တိမ်းရှောင်ထွက်ပြေး လာရောက်သူတို့ကို တွေ့မိအောင် စစ်ကြောဖမ်းဆီး၍ မိဘသားမယားနှင့်တကွ မီးပုံ၍တိုက်။ အသိးသိး တိုက်ဝန် တိုက်စာရေး စုထိန်း စုအုပ်တို့ကလည်း ရှာ၍ရောက်လှာသူတို့ကို ပို့ဆက်စေ။ မပို့မဆက်နေလျှင် တိုက်ဝန် တိုက်စာရေး စုထိန်း စုအုပ်နှင့်တကွ စီရင်။[၆]

ဟု တွေ့ရှိရ၏။ တပ်ပြေးသည်ကို တွေ့မိလျှင် ကြီးစွာသော ရာဇဝတ်သင့်ကြောင်း သိလျက်နှင့်ပင် တပ်ရှောင်လူစာရင်းမှာ မနည်းလှပေ။

---

၁။ အမိန့်တော်များ ၄၆၅။ (ရှေးဟောင်း)
၂။ အမိန့်တော်များ ၄၆၉။ (ရှေးဟောင်း)
၃။ အမိန့်တော်များ ၅၀၄–၅၀၅။ (ရှေးဟောင်း)
၄။ ယင်းသည်မှ အမိန့်တော်အချို့ကို နောက်ဆက်တွဲ ၂ တွင် ဖော်ပြထားပါသည်။
၅။ အမိန့်တော်များ ၁၁၁၊ ၁၁၉၊ ၁၃၀၊ ၁၃၈၊ ၁၄၄ စသည်။ (ရှေးဟောင်း)
၆။ အမိန့်တော်များ ၁၀၅ (ရှေးဟောင်း) ၉၆၊ ၉၇၊ ၁၀၇၊ ၁၁၁၊ ၁၄၄၊ နောက်ဆက်တွဲ ၄ စသည် လည်းရှု။

သူကြီး ၇၇၇ အသည်ကျန် ၉၃၉ အစုအင်း ၄၉၁ စုစုပေါင်း လူ ၂၂၀၇ တပ်တော်က တိမ်းရှောင်ကြောင်းနှင့် ဗိုလ်မှူးမင်းကြီး မဟာသက်တော်ရှည်က ရှိခိုးသံတော်ဦးတင်ရောက်သည်မှာ တိမ်းရှောင်သည့် သူကြီးတို့အစား ခန့်ထား၍ မိုးနဲ့ တပ်တော်သို့ ချီသွားထမ်းရွက်စေ။ တိမ်းရှောင်သမျှ သူကြီးတို့ကိုလည်း တွေ့မိအောင် ဖမ်းဆီးပြီးလျှင် မီးပုံ၍တိုက်။ လင်ကိုမရလျှင် မယားကို မီးပုံ၍တိုက်။ တိုက်ဝန် တိုက်စာရေး စုထိန်း စုအုပ်တို့ကလည်း အမိန့်တော်ရင်းအတိုင်း ဖမ်းဆီး၍ ရွှေဘဝါး တော်အောက် ပို့ဆက်ကြစေ။[၁]

ဟူ၍ တွေ့ရှိရ၏။

ဗဒုံမင်းနန်းတက်စတွင် နိုင်ငံရေး အစဉ်အလာအရ မြန်မာနိုင်ငံကို တိုင်းများဖွဲ့၍ အုပ်ချုပ်သည်ကို တွေ့ရ၏။ တွေ့ရှိသမျှကို တင်ပြရလျှင် စကုမြို့ စလင်းမြို့ ဖောင်းလင်းမြို့နှင့် လယ်ကိုင်းမြို့တို့ ပါဝင်သော သုနာပရန္တတိုင်း၊ ပေါက်မြို့ မြင်စိုင်းမြို့ စကိုင်းမြို့ အင်းဝမြို့နှင့် ပင်းယမြို့တို့ ပါဝင်သော တမ္ဗဒီပတိုင်း၊ ပုသိမ်မြို့ ဒလမြို့ မြောင်းမြမြို့နှင့် မုတ္တမမြို့တို့ ပါဝင်သော ရာမညတိုင်း၊ ဇင်းမယ်မြို့နှင့် လပုံးမြို့တို့ပါဝင်သော ဟရိပုဉ္စတိုင်း၊ ထားဝယ်မြို့ မြိတ်မြို့ တနင်္သာရီမြို့နှင့် ရေးမြို့တို့ပါဝင်သော ဒွါရကတိုင်း၊ မိုးမိတ်မြို့ မိုးနဲမြို့နှင့် ညောင်ရွှေမြို့တို့ပါဝင်သော ကမ္ဘောဇတိုင်း၊ ပြည်မြို့ ဥဒရာဇ်မြို့နှင့် ပန်းတောင်းမြို့ပါဝင်သော သရေခေတ္တရာတိုင်း၊ ကသည်းမြို့နှင့် ခွေးရှည်မြို့တို့ပါဝင်သော နာဂသျှတိုင်း၊ ကေတုမတီမြို့နှင့် ဇေယဝတီမြို့တို့ပါဝင်သော ဇေယဝဍ္ဎနတိုင်း၊ ကျိုင်းတောင်းမြို့ ကျိုင်းတုံမြို့နှင့် ကျိုးချိုင်မြို့တို့ပါဝင်သော ခေမာရဋ္ဌတိုင်း၊ မိုးကောင်းမြို့ မိုးညှင်းမြို့ ဗန်းမော်မြို့ ခွေးလုံးမြို့နှင့် စန္ဒားမြို့တို့ပါဝင်သော စိန့်တိုင်းနှင့် ကျိုင်းရုံးမြို့နှင့် မိုင်းအုံမြို့များပါဝင်သော ဇောတိရဋ္ဌတိုင်း စသည်တို့ဖြစ်၏။

သက္ကရာဇ် ၁၁၄၅ ခု နိုင်ငံတော်အတွင်း မြို့စု တိုက်စု ဝန်စုနှင့် ရွာစုအလိုက် အသည်နှင့် စုခြား အိမ်ခြေစာရင်းတခုကို အထောက်အထားများတွင် တွေ့ရှိရ၏။[၂] ထိုစာရင်းအရ အိမ်ခြေ တသောင်းကျော်ရှိသည့် မြို့စုများမှာ အိမ်ခြေ ၁၇၄၀၀ ကျော်ရှိသည့် အလုံမြို့၊ အိမ်ခြေ ၁၅၅၀၀ ကျော်ရှိသည့် အမရပူရမြို့နှင့် အိမ်ခြေ ၁၄၆၀၀ ကျော်ရှိသည့် ဒီပဲယင်းမြို့တို့ ဖြစ်ကြပေသည်။ တောင်ဖက်တိုက် ပြည်မြို့နှင့် ကျီဝန်ဝန်စုတို့တွင် အိမ်ခြေ ၉၀၀၀ ကျော် အသီးသီးရှိကြသည်။ အိမ်ခြေ ၈၀၀၀ ကျော်ရှိသည့် မြို့စုတိုက်စုများမှာ ကန္နီမြို့နှင့် ဗန့်ကျီတိုက်တို့ ဖြစ်ကြ၏။ အိမ်ခြေ ၇၀၀၀ ကျော်ရှိသည်တို့ကား မြေတူးမြို့ စလင်းမြို့ မြောက်ဖက်တိုက်နှင့် မြောက်ဖက်မြင်းဝန်စုတို့ ဖြစ်ကြသည်။ တောင်ဖက်မြင်းဝန်စုတွင် အိမ်ခြေ ၆၀၀၀ ကျော်၍၊ ပုဂံမြို့ သာယာဝတီမြို့ ယံသာဝတီမြို့ တောင်တွင်းကြီးမြို့ ရမည်းသင်းမြို့နှင့် တွင်းသင်းတိုက်တို့တွင် အိမ်ခြေ ၅၀၀၀ ကျော် အသီးသီး ရှိကြ၏။

နိုင်ငံရေးဆိုင်ရာ အကြောင်းအချက်တင်ပြရန် အမြောက်အမြား ကျန်ရှိနေသေးသော်လည်း[၃]

---

၁။ အမိန့်တော်များ ၁၀၆–၁၀၇။ (ရှေးဟောင်း) သက္ကရာဇ် ၁၁၆၈ ခု၊ ကဆုန်လဆန်း ၆ ရက်နေ့ (၂၂–၄–၁၈၀၆) နားခံရာဇနော်ရထာတွင်ပြန်။

၂။ ထိုစာရင်းအပြည့်အစုံကို နောက်ဆက်တွဲ ၅ တွင် ဖော်ပြထားပါသည်။

၃။ ခဲယမ်းမီးကျောက် စုဆောင်းထိန်းသိမ်းရေး၊ သေနတ်ဆက်ခြင်း၊ နယ်ကျူးလွှင်၊ လက်ဆောင်တော်ဆက်၊ သမီးကညာဆက် စသည်များ။

ဤစာတမ်းသည် ပဏ္ဍာမလေ့လာချက်မျှသာ ဖြစ်သဖြင့် ဤမျှဖြင့်ပင်ရပ်လျက် နိုင်ငံခြား ဆက်သွယ်ရေးဆိုင်ရာ အချက်အလက်အချို့ကိုသာ ဆက်လက်တင်ပြပါမည်။

ဗဒုံမင်းလက်ထက် မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အင်္ဂလိပ်အရှေ့အိန္ဒိယ ကုမ္ပဏီနယ် ဘင်္ဂလား လွတ်လပ်သော အိန္ဒိယမင်းများ မဏိပူရ အာသံ ဇယန္တာ သီဟိုဠ် ဂီတာ ယိုးဒယား လင်းဇင်း တရုတ်နိုင်ငံများနှင့် အဆက်အသွယ် စာပေးစာယူ သံအစေအလွတ်များရှိ သည်။ မြန်မာနိုင်ငံသည် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီနှင့် ညောင်ရမ်းခေတ်ကပင် အဆက်အသွယ်ရှိ ခဲ့၏။ အလောင်းမင်းတရားကြီးလက်ထက် ဟိုင်းကြီးကျွန်းနှင့် ပုသိမ်မြို့တို့တွင် အခြေချခဲ့သော အင်္ဂလိပ်ကုမ္ပဏီ ကိုယ်စားလှယ်တို့သည် နောက်မင်းများ လက်ထက်တွင် ပုသိမ်နှင့် ရန်ကုန်မြို့များသို့ အရောက်အပေါက် ပိုမိုများပြားလာ၏။ ဗဒုံမင်းသည် ဓညဝတီ ရခိုင်ပြည်ကို သိမ်းယူပြီးနောက် နယ်ပယ်ကျယ်ဝန်းလာသော မြန်မာနိုင်ငံ၏ နယ်နိမိတ်သည် အင်္ဂလိပ်ကုမ္ပဏီနယ်ဖြစ်သော စစ်တကောင်းကျေးနှင့် တချင်းတနင်းတည်း ဖြစ်လာ၏။ တနည်းဆိုရလျှင် နိုင်ငံခြား ဆက်ဆံရေးမှာ ထိပ်တိုက်တွေ့လာရခြင်းပင် ဖြစ်သည်။ ဤသို့ နယ်ချင်းစပ်သည်ကစ၍ ရှေးယခင်ကထက် အင်္ဂလိပ် တို့နှင့် ပိုမိုဆက်သွယ်ရန် အကြောင်းအချက်များ ပေါ်ပေါက်လာသည်။ ထို့ကြောင့် မြန်မာနှင့် အင်္ဂလိပ် မကြာခဏ စာပေးစာယူ သံတမန် အစေအပါးကို ပြုလုပ်လာရပေတော့သည်။

ထိုသို့ မြန်မာနှင့်အင်္ဂလိပ် နှစ်တိုင်းနှစ်ပြည် ကိုယ်စားလှယ်တို့ ဆက်သွယ်တွေ့ဆုံရာ၌ ခန့်အပ်လွှာ အခွင့်အာဏာစသည် အကြောင်းအရာများကို ရှေးဦးစွာ ဆွေးနွေးကြကြောင်းကို မှတ်တမ်းမှတ်ရာများ၌ တွေ့ရှိရပေသည်။ ဥပမာ သက္ကရာဇ် ၁၁၅၇ ခုနှစ် ကိုယ်စားလှယ်များ တွေ့ဆုံ ဆွေးနွေးပုံကို အောက်ပါအတိုင်း တွေ့ရှိရသည်။

> စာကို သေချာစွာ တံဆိပ်လက်မှတ်နှင့် စစ်ကဲနရာကျော်ခေါင် မြို့စာရေး မောင်အောင် တို့ကိုအပ်၍ ဘော်စလီနှင့်အတူ မိကေသင်တပ်သို့ နောက်ပါလူ ၅၀၀ နှင့် သွားစေ၏။ အင်္ဂလိပ်ဗိုလ် မိကေသင်ထံ ရောက်လေသော် မိကေသင်က သင့်တင့်လျောက်ပတ် ရာတွင် အကျွေးအမွေး ရိက္ခာစားရန် ကောင်းမွန်စွာ လုံလောက်အောင် ပေးကမ်း၍ နေရာချထားပြီးမှ ဆိုသည်ကား။ ။မြန်မာဗိုလ်မင်းက ပေးသည့်လက်မှတ် စာပါလျှင် ပေးပါ တောင်း၏။ စစ်ကဲနရာကျော်ခေါင် မြို့စာရေး မောင်အောင်တို့က စကားဆို သည်မှာ ပြည်ထောင်မင်းချင်းသော်၎င်း၊ မှူးမတ်ချင်းသော်၎င်း၊ တဦးကိုတဦး သဝဏ်စာ ပေးကမ်းစေလွှတ် ရောက်ပေါက်သမျှသည် အမှုပိုင် အခွင့်ကုန်ဖြစ်မှသာ စာကိုပေးမြဲ ထုံးစံရှိသည်။ ကျွန်ုပ်တို့ကို နေထွက်အသျှင်က ယုံမှတ်တော်မူ၍ ကိုယ်တော်ပွား ထား အပ်လျက် ခန့်တော်မူသည်။ ဗိုလ်ချုပ် အရေးပိုင်အခွင့်ကုန်က ပေးသည့်စာကို ဗိုလ်မင်း မိကေသင်သို့ ပေးပါဆိုသော် ဗိုလ်မင်းလည်း ကျွန်ုပ်တို့ ဗိုလ်ချုပ်မင်းကဲ့သို့ အခွင့်ပိုင် အမှုကုန်မှန်မှ စာကိုလက်ခံယူသင့်သည်။ အခွင့်မပိုင်လျှင် ဘိလပ်ပြည် အင်္ဂလိပ် ကိုယ်ပွား ဟိန္ဒူတိုင်းနိုင်ငံကို လွှဲအပ်ခန့်ထားသူ ဘင်္ဂလား ကာလကတ္တားကုမ္ပဏီရှိရာ သွားမည်ဆို၏။ မိကေသင်ကလည်း ဘင်္ဂလားကုမ္ပဏီကို အင်္ဂလိပ်မင်းက ယုံမှတ်၍ ခန့်အပ် ထားသူ ကုမ္ပဏီက ကျွန်ုပ်ကို အခွင့်ပိုင်အမှုကုန် အရေးနှင့် လွှဲအပ်ခန့်ထား၍လာသည်။ အမှုကြီးငယ် ရှိသမျှကိုပင် ကျွန်ုပ်ပိုင်ပါ၏ ဟူသော စကားကို ဆိုလေသော် စစ်ကဲ

> နရာကျော်ခေါင် မြို့စာရေး မောင်အောင်တို့က ဆိုသည်မှာ ဗိုလ်မင်းမိကေသင်ဆိုသော အချက်တိုင်းမှန်လျှင် အခွင့်ပိုင် အမှုကုန် ပြောဆိုရန် ရှိသမျှကို ပြေကုန်အောင် ပြောဆိုပါမည်ဟူသော လက်မှတ်စာကိုသာ ပေးပါတော့ဆို၏။ အင်္ဂလိပ်ဗိုလ်မင်းမိကေသင်ကလည်း အခွင့်ပိုင် အမှုကုန်သော လက်မှတ်စာပေး၏။ ယင်းသည့်နောက်မှ လကျာရွှေတောင်က ပေးလိုက်သည့်စာကို အင်္ဂလိပ်ဗိုလ် မိကေသင်သို့ ပေးအပ်၏။[၁]

ထို့ပြင် သက္ကရာဇ် ၁၁၇၁ ခုနှစ်တွင် ဘင်္ဂလားရှိ အင်္ဂလိပ်ကုမ္ပဏီ အစိုးရထံမှ သံအဖွဲ့ အမရပူရသို့ ရောက်ရှိလာပြန်သည်။[၂] ၎င်းတို့တွင်ပါသည့် သဝဏ်လွှာ လက်ဆောင်တော် သံတို့နှင့် ဆက်ဆံရေး ပြန်ရမည့်ရာဇသံ စသည်များနှင့် စပ်လျဉ်းသည့် အမိန့်တော်အချို့ကို အထောက်အထားများ၌ တွေ့ရှိရ၏။ ဥပမာ သဝဏ်လွှာကို မြန်မာပြန်ဆိုရေးနှင့် စပ်လျဉ်း၍

> ဘင်္ဂလား စစ်သူကြီး ကုမ္ပဏီက ရှိခိုးသံတော်ဦးတင်စာကို ပြန်ဆိုမြဲ ပြန်ဆိုစေ။[၃]

ဟူ၍၎င်း၊ ပါသည့် လက်ဆောင်တော်များ ဆက်သရေးကိုလည်း

> ဘင်္ဂလား ကာလကတ္တားမြို့ စစ်သူကြီးက ဆက်ရောက်သည့် လက်ဆောင်တော်များကို ရွှေဘဝါးတော်အောက် သွင်းစေ။[၄]
>
> ဘင်္ဂလား ကာလကတ္တားမြို့ စစ်သူကြီးက လက်ဆောင်တော် လာသူတို့နှင့် လက်ဆောင်တော်များကို အမြောက်သေနတ် ခင်းကျင်းဆက်သစေမည် သွင်းသည်မှာ မခင်းမကျင်းစေနှင့်။ ပကတိ ဆက်မြဲသာ ဆက်စေ[၅]

ဟူ၍၎င်း သံအဖွဲ့ပြန်ရန် အစီအစဉ်နှင့် သံတို့အား တန်ခိုးကြီးဘုရား နန်းတော် စသည်များကို ကြည့်ရှု ဖူးမျှော်စေရေးနှင့် စပ်လျဉ်း၍

> ဘင်္ဂလား ကာလကတ္တားစစ်သူကြီးက လက်ဆောင်တော် ဆက်လာလူတို့ကို ဟံသာဝတီမြို့ရောက် အခွန်ဝန်သီရိဇေတရတ်ကျော် ကြပ်မ၍ ပြန်သွားစေ။
>
> လက်ဆောင်တော်ဆက်လာလူ ဇံကေနီတို့ကို ပုထိုးတော်ကြီး စက်တော်ရာဘုရား ရှင်ဖြူဘုရား စန္ဒာမုနိဘုရား ရွှေနန်းတော်များကို ဝင်၍ ကြည့်ရှုဖူးမျှော်စေ။[၆]

ဟူ၍၎င်း ဘင်္ဂလားသို့ပေးရန် စာကြမ်းတင်ပြသောအခါ သင့်ပြီဟူသော အမိန့်ရှိသည်[၇] များကိုလည်း တွေ့ရ၏။

ယခုတဖန် သက္ကရာဇ် ၁၁၇၃ ခုနှစ်တွင် ရခိုင်နယ်ခြားအရေးနှင့် စပ်လျဉ်း၍ အင်္ဂလိပ်နှင့် မြန်မာကိုယ်စားလှယ်တို့ တွေ့ဆုံကာ အချီအချ ဆွေးနွေးရာ၌ အင်္ဂလိပ် ကိုယ်စားလှယ်က မိမိတို့

---

၁။ မဥ္စိမဒေသအရေးတော်ပုံ ကိကျော – ကုဝမ်း

၂။ **ကဘဆ။** တွင် ဤအကြောင်း မပါရှိချေ။

၃။ အမိန့်တော်များ ၅၇၅။ (ရှေးဟောင်း) (၁၉ – ၂ – ၁၈၁၀)

၄။ အမိန့်တော်များ ၅၈၀။ (ရှေးဟောင်း) (၂၄ – ၂ – ၁၈၁၀)

၅။ အမိန့်တော်များ ၅၈၉ (ရှေးဟောင်း) (၂၇–၂–၁၈၁၀)

၆။ အမိန့်တော်များ ၅၉၄ (ရှေးဟောင်း) (၂၈–၂–၁၈၁၀)

၇။ အမိန့်တော်များ ၆၁၉ (ရှေးဟောင်း) (၁၄–၄–၁၈၁၀)

အိန္ဒိယကို အဘယ့်ကြောင့် သိမ်းပိုက်ရသည်ဟူသော အကြောင်းပြချက် ပါရှိသည်။ ယင်းကို တင်ပြပါမည်။

> ကျွန်ုပ်တို့အရှင်ဖြစ်သော ဘိလပ်အင်္ဂလိပ်မင်း ဟိန္ဒူတိုင်းနိုင်ငံ မောင်ကွပ်ကုလားပြည် ဒီလီများကို သိမ်းယူတိုက်ခိုက်သွားသည်မှာလည်း ပသီမောင်ကွပ် ဒီလီမင်းမှူးမတ် နဘတ် ဒေဝန်ဝဂျီတာနား သတ္တဝါ ပြည်သူ ပြည်သားတို့ကို နှိပ်စက်ပြုကျင့်၍ကြေးငွေ စားယူသည်။ တတိုင်းတပြည်က ရောင်းဝယ်လာရောက်သမျှ ကုန်သည်တို့ကို မဖြောင့် မမှန် ပြုကျင့်သည်များသောကြောင့် အသီးအသီး အင်္ဂလိပ်မင်းထံလျှောက်ကြ၍အကြား များလျှင် အင်္ဂလိပ်မင်းက ပသီမောင်ကွပ်ဒီလီမင်းသို့ စာပေးသည်။ မနာမယူ။တိုး၍ ဆင်းရဲသားတို့ကို နှိပ်စက်ပြုပြန်လေရာ အင်္ဂလိပ်မင်းက ဝေလင်တည်သတ်ကို စစ်သူကြီး ခန့်၍ ချီသွားလုပ်ကြံစေ၏။ ဝေလင်တည်သည် လက်ရုံးအားနှင့်ယူ၍ ဒီလီပြည်တဝက် ရလျှင် ကေသီမြို့တွင် ရပ်နေပြီးမှ မရသေးသော မြို့များတို့သို့ တတ်သိလိမ္မာသူတို့ကို မျဉ်းပြောင်းပြောဆိုစေရာ တဆဲ့နှစ်နှစ်ကြာမှဒီလီမောင်ကွပ်မင်းနှင့်တကွ ပြေန်သည်။[၁]

ဟု ဆို၏။ အင်္ဂလိပ်တို့သည် နိုင်ငံတနိုင်ငံကို သိမ်းယူတိုင်း အလားတူ အကြောင်းပြလေ့ရှိသည်။ မြန်မာနိုင်ငံကို သိမ်းယူစဉ်ကလည်း ဤကဲ့သို့ပင် အကြောင်းပြခဲ့ဘူးသည်။

တဖန် အင်္ဂလိပ်ကိုယ်စားလှယ်က မိမိတို့အစိုးရ တရားမျှတသောကြောင့် အိန္ဒိယတိုင်းသား အများက အအုပ်အချုပ်ခံ၍ ကြေးစားစစ်သားအဖြစ်စစ်မှုထမ်းသည်ဟူ၍ ကိုယ်ရည်သွေးပြန်သည်။

> ဘိလပ်မင်းက ထားသည့် ကုမ္ပဏီတို့ အကျင့်မကောင်းလျှင် သူတို့ တိုင်းပြည်ကို အရှည်ပိုင်နိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့ အခစား၍ ဟိန္ဒူ ပသီကုလားတို့ အမှုထမ်း စာပါအိပ်မပြုလုပ်။ သူတို့ချင်းသာ ပေါင်းဖက်နေကြ၍ ကျွန်ုပ်တို့ ရန်ဖက်ပြုပါမည်။ ကောင်းအောင်ပြုကျင့်၍သာ ကျွန်ုပ်တို့မှာ စာပါအိပ်အများ ရှိပါသည်။[၂]

ဟု ပြောဆိုသည်ကို တွေ့ရပေသည်။

မြန်မာနယ်ခြားအရေးကို ဆွေးနွေးရာ၌ အင်္ဂလိပ်ကိုယ်စားလှယ်က မြန်မာမင်း

> ရခိုင်ပြည်ကြီးမှာ မြို့ဝန်ခန့်သမျှလူတို့သည် မင်းကျိုးကိုမထောက် ဆင်းရဲသားတို့ မျက်နှာကိုမကြည့်၊ ကိုယ်ကျိုးရှိအောင်သာ ဆင်းရဲသားတို့ကို နှိပ်စက်ပြုကျင့်သော ကြောင့်[၃]

---

၁။ မဇ္ဈိမဒေသအရေးတော်ပုံ ကား ကျော၊ ယင်းအကြောင်းပြချက်နှင့် နှိုင်းယှဉ်ကြည့်နိုင်ရန် ဗဒုံမင်း ရခိုင်ပြည်ကို သိမ်းပိုက်ရသည့်အကြောင်းကို ဖော်ပြပါမည်။ "ကျွန်ုပ်အရှင် နေထွက်ဘုရင် ရခိုင်ပြည်ကြီးကို သိမ်းတော်မူသည်မှာလည်း ရခိုင်ပြည်တွင် မင်းရိုးပြတ်၍ ဝင်ထွက်မင်းမူကြရာ ရွှေငွေပေးနိုင်သူ လူမိုက်တို့ကို မှူးမတ်လုပ်စေ၍ ပြည်သူဆင်းရဲသားတို့မှာ မဟုတ်မမှန်မတရားသဖြင့် နှိပ်စက်ပြီးလျှင် ရွှေငွေယူလေရာ မသာ မယာဆင်းရဲသားတို့ပင်ပန်းညှိုးငယ်ရှိကြကြောင်းကို ရွှေနားတော်ကြား ရှိခိုးသံတော်ဦးတင်လျှင် သားတော် မဟာဥပရာဇာကို စေလွှတ်တော်မူ၍ သိမ်းယူစေသည်" မဇ္ဈိမဒေသအရေးတော်ပုံ ကား ကျော–ခ ဝမ်း

၂။ မဇ္ဈိမဒေသအရေးတော်ပုံ ကား ကျော။

၃။ မဇ္ဈိမဒေသအရေးတော်ပုံ ကား ဝမ်း။

ရခိုင်ပြည် မငြိမ်မဝပ်ဖြစ်ရသည်ဟု ပြစ်တင်ပြောဆိုသဖြင့် အခွန်ဝန် ဇေယကျော်ထင်က ယင်း စွပ်စွဲချက် မဟုတ်မမှန်ကြောင်းကို

> မြို့ဝန်ခန့်တော်မူသမျှကို နှလုံး လက်ရုံး စုံသော မှူးတော် မတ်တော်တို့ကို ရွေးခန့်တော်မူသည်။ ။ပြည်ချင်း မြို့ချင်း မသင့်မတင့်ရှိကြသည်မှာ ကျွန်ုပ်တို့ တိုင်းပြည်သာ မဟုတ်ချေ။ မင်းကြီးတို့ တိုင်းပြည်အတွင်း ကုမ္ပဏီစီရင်စု တိပ္ပူ ဟာဒရပတ် ပုဏ္ဏား ဗာရတကမ္ဗု လက္ခနောင်မြို့များက တနှစ် တကြိမ် နှစ်နှစ်တကြိမ် ကုမ္ပဏီတို့ကိုစစ်ပြု၍ရှိသည်။ အင်္ဂလိပ် ပြင်သစ် ရှတ် အာရပ် ဇသျှကပ်စသော ပြည်ထောင်ချင်းတို့မှာလည်း ရန်စစ်ဖြစ်ကြသောအခါလည်းရှိ၏။ သင့်တင့်ကြသောအခါလည်း သင့်ကြ၏။ သူ့ဆိုးသည် ငါကောင်းသည် တဦးကိုတဦး စကားတင်လွှား၍ မဆိုသင့် မဆိုအပ်။[၁]

ဟု ချေပခဲ့သည်။

ဗဒုံမင်းသည် အလိုရှိသော ကျမ်းဂန်စာပေများကို ရှာဖွေစုဆောင်းရန် အခွန်ဝန်ဇေယကျော်ထင်ကို မဇ္ဈိမတိုက်သို့ သက္ကရာဇ် ၁၁၇၄ ခုတွင်စေလွှတ်ပြန်ရာ ပြာသိုလဆန်း ၅ ရက်နေ့[၂] ရွှေဥဒေါင်းသင်္ဘော နှင့် ဟံသာဝတီဆိပ်တော်မှ ထွက်ခွာခဲ့ရသည်။ လမ်းခရီး၌ ရက်ပေါင်း ၄၀ ကြာပြီးနောက် ဂင်္ဂါ သာဂရသင်္ဘောဆိပ်သို့ ဆိုက်ရောက်၏။ ထိုမှတဖန် အင်္ဂလိပ်ကုမ္ပဏီမှ အကြို အဆိုစေလွှတ်သည် ပင်လယ်မြင်းသင်္ဘော[၃] နှင့်ကာလကတ္တားသို့ ဆန့်တက်၍ရောက်သောအခါကုမ္ပဏီက အခွန်ဝန်နေရန် သုံးဆင့်တိုက် လူငယ်တို့နေရန် ၂ ဆင့်တိုက်များကို ပေးအပ်သည်။ ထို့ပြင်စားသုံးရန် စရိတ်အနေဖြင့် တနေ့လျှင် အခွန်ဝန်ကို ဒင်္ဂါးပြားရေ ၂၀ စစ်ကဲစာရေးနှင့် အကမိန်းမတို့ကို တယောက် ဒင်္ဂါးပြားရေ ၂ နောက်ပါ လူငယ်တို့ကို တကိုယ်လျှင် နှစ်မတ်စီပေး၏။ ကံကျွေးလူ ဘင်္ဂါလီ ၅၀ ခဝါဖွပ် ၅ ဆတ္တာသည် ၃ အပ်ချုပ်လူ ၅ မြင်း ၂ စီးက ရထား ၁ ပါလကျီသည် ၅ တံခါးစောင့် ဝင်းခင်း သေနတ်ကိုင် 'ဆပါအိတ်' ၂၅ ဆင့်ဆိုရန် လူကြီး စာရေး ၅ မသိုးမသန့်ရှင်းလင်းရန် ဟာရီမျိုး ၁၀ များကိုလည်း စုံလင်စွာ ပေးထားညှော်ခံသည်။[၄] ထို ကျမ်းတွင် အခွန်ဝန်နှင့် ကုမ္ပဏီကိုယ်စားလှယ်တို့ တွေ့ဆုံခန်း အခွန်ဝန်နှင့် လွတ်လပ်သော အိန္ဒိယမင်းအချို့နှင့် တွေ့ဆုံခန်း စသဖြင့် စိတ်ဝင်စားဖွယ် အကြောင်းအရာ မြောက်မြားစွာ ပါရှိပါသည်။

ဗဒုံမင်းသည် လွတ်လပ်သော အိန္ဒိယမင်းများနှင့်လည်း အဆက်အသွယ်ပြုခဲ့သည်။ စာပေနှင့်ရင်း လူစေလွှတ်၍ရင်း ဆက်သွယ်ခဲ့၏။ဤသို့ ဆက်ဆံသည်များကို ကုန်းဘောင်ဆက် အမေးတော်အဖြေ မဇ္ဈိမဒေသအရေးတော်ပုံ အမိန့်တော်များ စသည့် မြန်မာ အထောက်အထားတို့၌ ကျမ်းဂန်စုဆောင်းရန် ရှေး အိန္ဒိယ မလေ့ထုံးစံများ လေ့လာရန် မဟာဗောဓိနှင့် မြတ်စွာဘုရား အကြောင်းတော်ကို လေ့လာရန်ဖြစ်သည် စသည်ဖြင့် ဆိုထားသည်။ ဥပမာ

---

၁။ မဇ္ဈိမဒေသအရေးတော်ပုံ ခ ဝမ်း။

၂။ ၇–၁–၁၈၁၃။

၃။ The Sea Horse.

၄။ မဇ္ဈိမဒေသအရေးတော်ပုံ ခေ ကျော။ ခေါဝမ်း–ခေါကျောစသည်။ ကုမ္ပဏီနှင့် ဇေယကျော်ထင် ဆက်သွယ်သမျှကို ဤကျမ်း၌ပင် တွေ့ရှိနိုင်ပါသည်။

ငလျှေးမှာ ဘနရတ်မြို့သို့ အလိုတော်ရှိ စေခန့်တော်မူရာ အမှုတော်ကို ထမ်းရွက်ရမည်ဖြစ်သည်။ ငလျှေးတွင် သိမ်းရစိန်များကို ငလျှေးသို့ သနားတော်မူသည်။ ပြန်၍အပ်။[၁]

မုတ္တမမြို့စာရေး ရွှေတောင်သာဂသူကို ဘနရတ်မြို့သို့ ပိဋကတ် ကျမ်းဂန် အဆောင်အယူစေတော်မူမည် ရွှေဘဝါးတော်အောက်ခေါ်စေ။ သက္ကရာဇ် ၁၁၆၇ ခု တော်သလင်းလဆန်း ၇ ရက်နေ့ နားခံရာဇနော်ရထာတွင် ပြန်။[၂]

ဟူ၍ အမိန့်တော်များ၌ တွေ့ရှိရ၏။ မဇ္ဈိမဒေသ အရေးတော်ပုံတွင် ကျမ်းဂန် စုဆောင်းရေးနှင့် ပတ်သက်၍ အကျယ်တဝင့် ဖော်ပြထားရာ ယင်းမှ ထုတ်နုတ်တင်ပြပါမည်။

သက္ကရာဇ် ၁၁၇၄ ခုတွင် အမိန့်တော်ရှိသည်ကား ရတနာသိင်္ဃမြို့ ချည်ပါရပ်နေ ရဲထင်ကြီးကို မဇ္ဈိမတိုင်းပြည်သို့ ကျမ်းဂန်စာပေ အကူးအယူ နဝဒိပုဏ္ဏားနှင့် အတူ သွားစေသည်။ ယခုတိုင် ပြန်မရောက်ရှိသည်။ ရမ္မာဝတီမြို့ဝန် ရွှေတောင်သာဂသူ ပုဏ္ဏားနန္ဒရဲတို့ ဗာရာဏသီပြည်က ဂေါဝိန္ဒပုဏ္ဏားကို ရွှေဘဝါးတော်အောက် ခေါ်ယူခဲ့သည်။ ဂေါဝိန္ဒပုဏ္ဏားက ဗာရာဏသီပြည် ရာဇဂြိုဟ်ပြည် ပါတလိပုတ်ပြည် သာဝတ္ထိပြည်များမှာ ပုဏ္ဏားဟိန္ဒူတို့ လေ့လာသင်ကြားသော ဂေါတမဒန္ဒြ ဂေါတမ သိန္ဒြကျမ်းဂန်များက ဂေါတမဘုရားအတ္ထုပ္ပတ္တိကို ထွက်ရှိသည်။ ကူးယူဆက်သပါမည် ရှိခိုးသံတော်ဦးတင်၍သွားသည်။ မပြန်လာ။ အထက် ရွှေတောင်သာဂသူ သီရိကျော်ထင် ပေတူး ကွေယ် စံ မှုံ ဂေရတို့ကို အကူးအယူ အကြိမ်ကြိမ်စေတော်မူရာကုန်သည်အရောင်း အဝယ်နှင့်သာပြု၍ ဟိန္ဒူ ပုဏ္ဏားတို့ကို မေးမြန်းထွက်သံအဟန်မှာ မြန်မာပြည်ဇာတ် နိပါတ် ဝတ္ထု အထွက် အဆိုအတိုင်း တော်သင့်အောင် ရေးလုပ်၍ ဆက်သသည်။ အနောက်ပညာရှိ အမှုးအမတ် ဆရာသမား အကြီးပြုသူတို့နှင့် အရေးအနှော မရှိ၍ စကားဟောင်းမရ။ ။အရှေ့မျက်နှာ တရုတ်ပြည် အနောက်မျက်နှာ မဇ္ဈိမဒေသတိုက် တိုင်းကြီးဖြစ်သည်။ ဗန်းမော်စော်ဘွားခန့်သို့ နှစ်ဖက်လှ အရေးတတ်လိမ္မာသူ အနောက်ပြည် စေရန် လူလိုသည် အမိန့်တော်ရှိလေသော် မဟာဆေ့တော်ကြီး အနောက် ဝင်းတော်မှူး မင်းလှစည်သူ တိုင်တားဗိုလ် နေမျိုးလက်ဝဲသီဟတို့ ရှိခိုး သံတော်ဦးတင်သည်မှာ ၅၆ ခုနှစ် ငပေါလုံး ခွက်ပေါက်တို့ ကုလားနှင့်ပေါင်း၍ ဆိုးသွမ်းသည်တကြိမ်၊ ၇၃ ခုနှစ် ချောင်းပြန် လက်ရုံးဘွေတို့ ဆိုးသွမ်းထောင်လွှားသည်တကြိမ်၊ ၇၄ ခုနှစ် ဘင်္ဂလားကုမ္ပဏီက စေသူ ဗိုလ်ဇံကေနီနှင့် ဟံသာဝတီမြို့ဝန် အရာရှိတို့နှင့် မသင့်မတင့်ခိုက်ရန် ဖြစ်ပွားကြသည်တကြိမ်၊အကြိမ်ကြိမ်များကို ဘင်္ဂလားမြို့သို့ အခွန်ဝန် ဇေယကျော်ထင်ကို စေတော်မူရာ ရန်မီးမပွားမရှိ သာယာသဖြင့် အမှုငြိမ်ဝပ်၍ ငပေါလုံ ခွက်ပေါက် ချောင်းပြန် သားမယားတို့ကို ကုမ္ပဏီက အပ်လိုက်ရပါသည့် အကြောင်းကို သံတော်ဦးတင်လျှင် ရွှေနားတော်သင့်၍ အခွန်ဝန် ဇေယကျော်ထင်ကို ခေါ်တော်မူ၏။[၃]

---

၁။ **အမိန့်တော်များ ၁၇၇ (ရွှေးဟောင်း) ၁၁၆၇ ခု တော်သလင်းလဆန်း ၆ ရက်နေ့ (၁၈–၈–၁၈၀၆) နားခံစမြောင်မှူးတွင်ပြန်။**

၂။ **အမိန့်တော်များ ၁၇၈ (ရွှေးဟောင်း) (၂၀–၈–၁၈၀၆)**

၃။ **မဇ္ဈိမဒေသအရေးတော်ပုံ ခူကျော–ခေဝမ်း။**

ဤသို့အားဖြင့် အခွန်ဝန်ဇေယကျော်ထင်သည်

> အလိုတော်ရှိစာများကို မဇ္ဈိမဒေသတိုင်း ရာဇဂြိုဟ်ပြည် လက္ခနောင်ပြည် စိန္တာပွန်ပြည် ဒေဝဒဟပြည် ပါဝါပြည် ပယာဂပြည် မိတ္ထိလာပြည်များကို လှည့်လည်၍ အသီးသီး ပြည်ထောင်မင်းတို့နှင့် သင့်တင့်လျောက်ပတ်သော စကားကို အလိုက်သင့် လျှောက်တင်ပြောဆိုပြီးမှ နာဂရီ ဘင်္ဂါလီဘာသာ ကျမ်းဂန်စာပေများကို ကူးယူ၏။ [၁]

ဤမြို့များအပြင် ဗာရာဏသီနှင့် ပူရန်မြို့များမှလည်း ကျမ်းစာအများ ရရှိပေ၏။ [၂] အင်္ဂလိပ်ကုမ္ပဏီအစိုးရကမူ ဤသို့ကျမ်းဂန်စုဆောင်းခြင်းသည် ဟန်ပြမျှဖြစ်၍ လွတ်လပ်သော ကုလားမင်းများနှင့် မဟာမိတ်ပြုလုပ်ကာ အင်္ဂလိပ်ကိုအိန္ဒိယတိုင်းမှတိုက်ထုတ်လိုသောကြောင့် လာခြင်းဖြစ်သည်ဟု ယုံကြည်ကြသဖြင့် လန်ဒန်မြို့သို့ ထိုအကြောင်းများကို အကျယ်တဝင့် ရေးသားကြ၏။ [၃] သို့သော် အင်္ဂလိပ်ကုမ္ပဏီနှင့် အယူဝါဒကွဲလွဲသည့် အင်္ဂလိပ်စစ်ဗိုလ်ဝှိုက်ကမူ မြန်မာတို့ ကျမ်းဂန် စုဆောင်းရန်လာသည်ကို သံသယရှိရန် မလိုဟု ဆိုထားသည်သာမက ကုမ္ပဏီအစိုးရက ဤသို့ စွပ်စွဲခြင်းမှာ မြန်မာပြည်ကို တိုက်သိမ်းမည့် အစီအစဉ်များမပြုလုပ်မီ အင်္ဂလန်ပြည်ရှိ ပြည်သူပြည်သားတို့အား မြန်မာတို့အပေါ် အထင်လွဲ အမြင်လွဲဖြစ်စေရန် ဖန်တီးခြင်း ဖြစ်တန်ရာသည်ဟူ၍ ကောက်ချက်ချပြန်သည်။ [၄]

လွတ်လပ်သော မင်းများနှင့် ဆက်ဆံရေးမှ အခွန်ဝန်ဇေယကျော်ထင် သာဝတ္ထိပြည်သို့ ရောက်ရှိခြင်းနှင့် စပ်လျဉ်း၍ အနည်းငယ်တင်ပြပါမည်။

> ယမုနာ ဂင်္ဂါမြစ်နှစ်ခုကြားတွင် ပသီကုလားတို့အခေါ် တံပူ ပုဏ္ဏားဟိန္ဒူတို့အခေါ် သာဝတ္ထိပြည်သို့ရောက်၏။ ထိုပြည့်ရှင်မင်းအမျိုးတော်ခတ္တိယ အမိတ္တရာဇာ နေရန်တိုက် စားသုံးရန်စရိတ် အစုံပေးပြီးသော် အနေအထိုင် အစားအသုံး အလုံးစုံများကို စေလွှတ်၍ ချောင်းမြောင်းကြည့်စေ၏။ အခွန်ဝန်ဇေယကျော်ထင်ကလည်း ပါသမျှတို့ကို အသွားအလာ အစားအသုံးများကို ကျစ်လစ်စွာ နေထိုင်သွားလာ စားသောက်ကြရမည်ဆင့်ဆို၍ထား၏။ ဆယ်ရက်ခန့်ရှိသော် မင်းပေးအဝတ်အသုံးအဆောင်ကို ဆင်ယင်ဝတ်စား၍ ဝင်ရမည် အမတ်ဝဂျီတယောက်လာ၍ ဆိုလှာ၏။ အခွန်ဝန် ဇေယကျော်ထင်မှာ သနားတော်မူသည့် ဗောင်း နားတောင်း စလွယ် ဝတ်လုံဆင်လျက် ရထားစီး၍ မင်းသားနေ တိုက်နန်းတော်သို့ဝင်၏။ အတန်ကြာလျှင် ကျောက်စီ ရွှေကြိမ်ခတ် ကျောက်စီပုဆိုးအဝတ်ကို ရုံဆင်၍ ဓားကိုစွဲကိုင်လျက် ထွက်လှာ၏။ ပုဏ္ဏား လက်ဝဲ ရှစ်ယောက် လကျ်ာရှစ်ယောက်တို့ ခရုသင်းနှင့်ဘိသိက်ပေးကြ၏။ အမှူးအမတ်တို့

---

၁။ မဇ္ဈိမဒေသအရေးတော်ပုံ ခံကျော။

၂။ ကဘဆ ၂။ ၁၆၇–ဂ၊၁၇၅၊၁၇၀၊၁၉၀၊၁၉၆–၇ စသည်။

၃။ *Discussions With the Burmese Government* (Papers relating to East India Affairs: Ordered by the House of Commons, to be printed. 30 May 1825) 87,88 etseq, နောက်ဆက်တွဲ ၆ ရှု။

၄။ Captain W. White: *A Political History of the Extraordinary Events Which led to the Burmese War* (London 1827) 104–09 နောက်ဆက်တွဲ ၇ လည်းရှု။

> ဝတ်ဆင်သည်မှာ ပိတ်ဖြူရွှေနား အင်္ကျီပါးကိုယ်စေ့ ခေါင်းပေါင်းရွှေဖျင် ဝတ်ဆင်ကြ၍
> လက်ဝဲလက်ျာ ၅၀ စီ တုတ်ပျပ်လျက် လျောက်ပတ်စွာ အသီးသီးနေကြပြီးမှ[၁]

ထုံးတမ်းစဉ်လာအရ အမေးအဖြေများ ပြုလုပ်ကြသည်။ ထိုနောက်

> သာဝတ္ထိပြည်မင်း အမိန့်တော်ရှိသည်။ အခွန့်ဝန်မင်းဘုရင် နေထွက်ဘုရင် ပြည်ကြီး ခတ္တိယမင်း အတတ်ပညာ ဘုန်းကျက်သရေမှာ မေးဘွယ်မရှိပြီ။ ထိုမင်းအမတ် သတ္တိဗလ တရားကျမ်းဂန်နှင့် ပြောဆိုလျှောက်သမျှစကားတွင် သိသာသည်။ မင်းမည်ကာမဟုတ်၊ လူတို့၏အရှင်ခံထိုက်သော နရာယဏာ မင်းအမျိုးမြဘ်သောသူ မှန်ပေသည် လောကဓာတ်အကုန် အဖြစ်အပျက်နှင့်တကွ တရားကျမ်းဂန်အရာ၌ ထူးချွန်တတ်လိမ္မာတော်မူသည်။ အရှေ့ပြည်ဗုဒ္ဓံသခတ္တိယမင်း တန်ခိုးအာဏာ ကြီးကျယ်၍ အတိုင်းတိုင်းအပြည်ပြည်သို့ တတ်သိလိမ္မာရှိသော အမှူးအမတ်ကို စေလွှတ်၍ အသီးသီးဘာသာစကားများကို ကူးယူသင်ကြားတော်မူသည်။ ကျွန်ုပ်တို့ပြည်ကိုလည်း အခွန့်ဝန်ဇေယကျော်ထင်ကိုစေလွှတ်၍ သတ္တဒိတျမဇ္ဈိမတိုင်းသို့ သက္ကရာဇ် ၁၁၇၄ ခုတွင် ရောက်ကြောင်းများကို အတိုင်းတိုင်းအပြည်ပြည်သို့ဆင့်၍ ဘုန်းတော်ပြန့်လွှင့်အောင်သတင်းစာတွင် ထည့်သွင်းပေးပါမည် အမိန့်တော်ရှိ၏။[၂]

စသည်ဖြင့် ပါရှိလေသည်။

ဗဒုံမင်းသည် ဤသို့ သံတမန်များစေလွှတ်ကာ လွတ်လပ်သော အိန္ဒိယမင်းများနှင့် ဆက်သွယ်ရာ ဗာရာဏသီမြို့ ဝေကန္တေယ ရာဇာမင်းက သမီးကညာဆက်သလေ၏။ ယင်းအကြောင်းကို မဇ္ဈိမဒေသအရေးတော်ပုံကျမ်း၌ အကျယ်တဝင့် ဖော်ပြပါရှိသည်။[၃] ဤတွင် မင်းသမီးကို ဆောင်ယူခဲ့ရန် ပေးမှာသည့်အမိန့်တော်ကိုသာ ထုတ်နုတ် ကိုးကားပါမည်။

> ရှေးမင်းအဆက်ဆက် မဇ္ဈိမဒေသတိုင်းက သမီးကညာ မြန်မာပြည်သို့ ဆက်သဘူးသည် ရာဇဝင်စာဟောင်း စာတမ်း မထွက်မရှိ။ ယခုမှ ငါအသျှင် ရွှေဘုန်းတော်မြတ်သည် အရှေ့လောကဓာတ်က ရောင်ခြည်တထောင်ဆောင်၍ ထွက်သော နေမင်းကဲ့သို့ တောက်ထွန်းသောအကြောင်းဖြင့် မဇ္ဈိမဒေသတိုင်း ဗာရာဏသီပြည် ဗုဒ္ဓံသ ခတ္တိယမင်းမျိုးဖြစ်သော ဝေကန္တေသျှက သမီးကို ရွှေဘဝါးတော်မြတ်အောက် ဆက်သသည်။ မဇ္ဈိမဒေသ တိုင်းအနှံ့ထင်ရှားလျက် အင်္ဂလိပ် ပြင်သစ် ဗရင်ဂျီတို့ တိုင်းပြည်ကြော်ငြာထင်ရှားစေအောင် လှုပကောင်းမွန်စွာ အခွန့်ဝန် ဇေယကျော်ထင် ဆောင်ယူခဲ့စေ။ ။ မညာတိ ဒွါရာဝတီ မေဃဝတီမြို့ဝန်တို့မှာ အသီးသီး အသနားတော်မြတ်ခံရသည့် ဗောင်း နားတောင်း ဝတ်လုံ စလွယ် အဆောင်အရွက်များကို ခင်းကျင်းဝတ်ဆင်၍ ကြိုစေ။ ။ရွှေဘဝါးတော်အောက် ပန်းတောင်းမြို့လမ်း တက်စေ၍ ပန်းတောင်းမြို့ဆိပ်

---

၁။ မဇ္ဈိမဒေသအရေးတော်ပုံ ခံကျော—ခါဝမ်း။
၂။ မဇ္ဈိမဒေသအရေးတော်ပုံ ဂါကျော—ဂိဝမ်း။
၃။ မဇ္ဈိမဒေသအရေးတော်ပုံ ခံဝမ်း—ခံကျော၊ ဃကျော—ဃာကျောစသည်။
ကဘဆ ၂။ ၁၉၆။

> တွင် ဟံသာဝတီမြို့ဝန် မင်းလှနော်ရထာ ကြီးကြပ်၍ မြစ်ရိုးစဉ်ဘလျှောက် မြို့ဝန် စစ်ကဲ မြို့သူကြီးတို့က အထိုက်အလျောက်ဆက်သပြီးလျှင် ကြည်းလမ်း ရေလမ်း ပွဲသဘင် ခင်းကျင်းလျက် ပန်းတောင်းမြို့ဆိပ်က စခန်းသုံးဆယ်ရှိသား ဆက်သွင်းသည့်အတိုင်း ရွှေဘဝါးတော်မြတ်အောက် ဆန်တက်လာစေ။

ဟူ၍ ဖြစ်ပါသည်။ ၁

ဗဒုံမင်းလက်ထက် မြန်မာနိုင်ငံသည် မဏိပူရနိုင်ငံနှင့် အဆက်အသွယ်များခဲ့၏။ မဏိပူရ ပြည့်ရှင်တို့သည်ရင်း ထီးနန်းကိုရလိုသူတို့သည်ရင်း ဗဒုံမင်းထံမှ အကူအညီတောင်းကြ၏။ သမီးကညာ ဆက်သကြ၏။ သံတမန်စေလွှတ်ကြ၏။ ဗဒုံမင်းကမူ မဟာရာဇာနှင့် ဇူပရာဇာ ညီနောင်တို့ကို သင့်တင့်စေရန် များစွာ ကြိုးပမ်းခဲ့၏။ မဏိပူရနန်းတွင်းရေးတွင် ဝင်ရောက်စွက်ဖက်၍ နှစ်ကြိမ် တိုင်တိုင်ကည်းမဏိပူရသို့စစ်ချီခဲ့၏။ မဏိပူရနှင့်ဆက်သွယ်ရေးကို အမိန့်တော်များမှ အနည်းငယ်ထုတ် နုတ်တင်ပြပါမည်။

> ကသည်းစော်ဘွားနှင့် ညီ ဇူပရာဇာတို့ကို ရွှေဘဝါးတော်အောက် ရောက်အောင် ကျိဝန်ကပေးမှာ၍ခေ စေ။ ကျိဝန်က ကသည်းပြည်သို့စေသူဇော်ဂျီရှိရာစေသူတို့ကိုလည်း နုတ်ကျွန်းအောင်မြေ ကင်းတပ်မှူးက မဆီးမတားစေနှင့် သွားလာစေ။ ။ကသည်း မင်းသမီးရောက်လျှင်နေရန်မင်းကွန်းနန်းတော်အတွင်းသင့်ရာတွင် စကြောအိမ် မြေကြမ်း အနားကိုအုတ်စီ၍ ဆောက်လုပ်စေ။ ကသည်းပြည်က လာရောက်သူတို့ကိုလည်း ပြန်စေ။ လွှတ်ကလည်း မင်းသမီးကို သနားတော်မူရန်များနှင့် သင့်ရာလူ ဖက်ခန့်၍ လိုက်စေ။ ကျိဝန်လူတို့ကိုလည်း ဖက်ခန့်၍ လိုက်စေ။
>
> ကသည်းစော်ဘွားနှင့် ညီ ဇူပရာဇာတို့နှစ်ဦးက ရွှေဘဝါးတော်အောက် သံတော်ဦးတင် ရောက်သည်မှာ ဇူပရာဇာတို့ ကသည်းပြည်သို့ ပြန်စေပြီးမှ ကသည်း စော်ဘွားက သမီးကညာကို ဆက်စေသင့်သည်။ ဇူပရာဇာကို ကသည်းပြည်သို့ ပြန်စေရမည်မှာလည်း အစ်ကိုစော်ဘွားနှင့် မသင့်မတင့်ရှိကြသည်ဖြစ်၍ ကြောက်ရွံ့မည်ဖြစ်သည်။ မကြောက် မရွံ့ ပြန်ဝံ့အောင် ကျိဝန်စာရေးသာလှဝေသော်နှင့်အိမ်ရွှေတော်ကစုကြီးသေနတ် ၁၀၀ စကိုင်းမင်းကစုကြီးသေနတ် ၂၀၀ ခန့်ထား၍ လိုက်စေ။ ဇူပရာဇာသမီးမှာလည်း အင်္ဂ စော်ဘွားနှင့် မှန်းထားရင်းဖြစ်ကြောင်းကို ကသည်းစော်ဘွားက ရှိခိုး သံတော်ဦးတင် ချက်တွင် ပါသည်။ ကသည်းမြို့သို့ ဆောင်ယူခေါ်သွားစေ။ ကသည်းစော်ဘွား ညီအစ်ကို မသင့်မတင့် ရှိကြသည်မှာ ကသည်းစော်ဘွားနှင့်ဘကွ မှူးမတ် ဆင်းရဲသား တို့ကို ချမ်းသာစေလိုသည့် စေတနာတော်ရှိသည် ဖြစ်သည်။ မသင့်မတင့် ရှိကြရမည် မဟုတ်၊ အထက် ပေါင်းဖက်မြဲအတိုင်း သင့်တင့်ငြိမ်ဝပ်အောင် ပေါင်းဖက်နေထိုင်ကြရ မည်ဖြစ်ကြောင်းကို ရွှေဘဝါးတော်အောက်က စေသူတို့တွင် ကသည်းစော်ဘွားသို့

---

၁။ မဇ္ဈိမဒေသအရေးဘော်ပုံ ဿဝမ်း–ဿကျော။ ဗာရာဏသီပြည်မှ သမီးကညာ ဆက်ခြင်းနှင့် စပ်လျဉ်း၍ အင်္ဂလိပ်ကုမ္ပဏီ၏ သဘောထားကို နောက်ဆက်တွဲ ၈ တွင်ရှု။

၂။ အမိန့်တော်များ ၂၈၂ (ရွှေဟောင်း) ၁၁၆၈ ခု တပို့တွဲလဆန်း ၁ ရက်နေ့ (၈–၁–၁၈၀၇) နားခံ ၄ ပ တွင်ပြန်။

တော်သင့်အောင် အမိန့်တော်ပေးအပ်၍ ဆောင်ယူသွားစေ။ ဗူပရာဇာကိုလည်း ကသည်းစော်ဘွားနှင့် သင့်တင့်ကြအောင် ကသည်းစော်ဘွားသို့ အမိန့်တော် ပြန်ဆို၍ ရှိပြီ။ မကြောက်မရွံ့ပြန်သွား၍ အစ်ကိုစော်ဘွားနှင့် ပေါင်းဖက်နေထိုင်မြဲ ပေါင်းဖက် နေထိုင်စေရမည်။ ဗူပရာဇာက အစ်ကိုစော်ဘွားနည်း သမီးကညာ ဆက်လိုလျှင်လည်း အငွန်စော်ဘွားနှင့်မှန်းထားသည့် သမီးပြင် ကျန်သမီးသုံးယောက်က တော်သင့်သသူကို ဆက်ရမည့်အကြောင်းနှင့် ပြန်ဆိုမှာထားစေ။ ။
ကျိဝန်ကလည်း ကသည်းစော်ဘွားညီအစ်ကို သင့်တင့်ကြရမည့် အကြောင်းကို တော်သင့်အောင် ပေးမှာစေ။ ။ကသည်းစော်ဘွားကစေ၍လာသူ ဗူပရာဇာကစေ၍ လာသူတို့ကိုလည်း ရွှေဘဝါးတော် အောက်က ခန့်ထားသူတို့နှင့် အတူ လိုက်စေ။ ရွှေဘဝါးတော်အောက်က စေသူတို့ ကသည်းပြည်သို့ ရောက်သည့်ကာလမှာ ကသည်း စော်ဘွားက ဆက်မည့် သမီးကညာကို ရွှေဘဝါးတော်အောက် ဆက်လှာစေ။[၁]

စသည်ဖြင့် အမိန့်တော်များ၌ တွေ့ရပေသည်။

အာသံခေါ် ဝေသာလီပြည်နှင့် ဆက်သွယ်သည်များကိုလည်း မြန်မာ အထောက်အထား များ၌ ရှိနေပေရာ အနည်းငယ် တင်ပြပါဦးမည်။

တိုးလျှားနန်းဆွန်စော်ဘွားက ရွှေဘဝါးတော်အောက် အလျှောက် အထား လာ ရောက်သူ သေည်အောင်ခင်နှင့် ပါသူတို့ကို ကောင်းမွန်အောင် ကျွေးမွေး၍ တော် သင့်ရာနေစေ။[၂]
မိုးကောင်းမြို့ဝန် နေမျိုးသိရိစည်သူစစ်ကဲတို့က ဝေသာလီတိုးလျှား နန်းဆွန်အကြောင်း အရာ လျှောက်ထားချက် တိုးလျှားမြို့ကလာသူ သေည်အောင်ခင် စစ်မေးထွက်ဆို ချက်ကို ထောက်၍ မိုးကောင်းမြို့ဝန်သို့ မှာထားပြီးလျှင် လာလူတို့ကို ပြန်သွားစေမည် ဆက်သွင်းသည့်အတိုင်းသင့်ပြီ။ ။သက္ကရာဇ် ၁၁၆၈ ခု ဝါခေါင်လဆန်း ၁၁ ရက်နေ့ နားခံစမြောင်မှူးတွင်ပြန်။[၃]

စသည်ဖြင့် တွေ့နိုင်ပေသည်။

မြန်မာနိုင်ငံသည် သီဟိုဠ်နှင့် ဆက်ဆံရာ၌ သာသနာရေးကိုဦးစားပေး၍ ဆက်သွယ်သည်ကို တွေ့ရှိရ၏။ သီဟိုဠ်မှရဟန်းတို့သည် ဗောဓိပင်များ စာပေကျမ်းဂန်များ ဆောင်ယူ၍ လာသည်ကို ကြိမ်ဖန်များစွာ တွေ့ရ၏။ ဥပမာ–

သီဟိုဠ်က ရဟန်းနှစ်ပါးနှင့် ဗောဓိပင်များ ရန်ကုန်ကဆောင်ယူခဲ့၍ ရွှေမြို့တော်သို့

---

၁။ အမိန့်တော်များ ၂၈၇–၉ (ရွှေဟောင်း) (၁၂–၁–၁၈၀၇) နောက်ဆက်တွဲ ၉ နှင့် **ကဘာဆ** ၂။ ၁၅၉– ၁၆၆ လည်းရှု။

၂။ အမိန့်တော်များ ၁၄၅ (ရွှေဟောင်း) ၁၁၆၈ ခု ဝါဆိုလဆန်း ၁၅ ရက်နေ့ (၂၉–၆–၁၈၀၆) နားခံ ဘယကျော်ထင်တွင်ပြန်။

၃။ အမိန့်တော်များ ၁၅၆ (ရွှေဟောင်း) (၂၅–၇–၁၈၀၆)

> ရောက်သည်ကို မင်းကုန်းသို့ ပင့်ဆောင်စေပြီးလျှင် ဗောဓိပင်များကို အတွင်းတော်သို့ သွင်းစေ။ ရဟန်းနှစ်ပါးကို ဇီးဖြူကုန်းကျောင်းတော်မှာ သိတင်းသုံးနေစေ။[1] သီဟိုဠ်က ရဟန်းတို့နှင့် ပင့်ဆောင်ပါသည့် ဓာတ်တော်မွေတော် ပိဋကတ်တော်များကို မူးမတ်သင့်ရာခန့်ထား၍ ကြိုဆိုစေ။ လမ်းခရီးတလျှောက် မြို့ကျေးရွာများကလည်း ဆွမ်း ရေချမ်း ပန်း ပေါက်ပေါက်နှင့် ပူဇော်ကန်တော့ကြစေ။ သက္ကရာဇ် ၁၁၆၇ ခု နယုန်လဆန်း ၁၃ ရက်နေ့ နားခံဘယကျော်ထင်တွင်ပြန်။[2]

ဟူ၍ တွေ့ရှိရ၏။ ဗဒုံမင်းကလည်း သီဟိုဠ်သို့ပိဋကတ်ကျမ်းဂန်စာပေများတုံ့ပြန်တော်မူခဲ့သေးသည်။

> ဆရာတော်က သီဟိုဠ်ရဟန်းတို့တွင် ပေးရန် ကျမ်းစာမှာ ဓာတိယပက္ခသတ္တမ အကြောင်းအရာမပါကျန်သည်ဆိုသည်၊ ထည့်ပေးစေ။[3] သီဟိုဠ်သို့ပေးရန် ပုရပိုက်ဖြူစာတွင် ဖြည့်သွင်းရန် ဆရာတော်က သွင်းချက်အတိုင်းသင့်ပြီ။ ပေးမှာသည့်ပုရပိုက်ဖြူစာလက်ခံကိုလည်း ကူး၍သွင်းစေ။[4]

ဗဒုံမင်းလက်ထက် မြန်မာနိုင်ငံသည် သီဟိုဠ်နှင့် နိုင်ငံရေးအရ ဆက်သွယ်သည်ကို တကြိမ် တခါသာတွေ့ရ၏။ သီဟိုဠ်ကျွန်းမှ စစ်သူကြီး အမှူးအမတ်တို့သည် ဗုဒ္ဓသာသနာဝင် မဟုတ်သောမင်း အုပ်စိုးသည်ကို မကြေနပ်၍ ဗဒုံမင်းထံ မင်းလျှောတောင်းကြလေသည်။ ထိုအခါ ဗဒုံမင်းသည် သီဟိုဠ်ကျွန်းပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်လိုသဖြင့် မင်းလျှောမပေးပဲနေခဲ့၏။ ယင်းသည်ကို အမိန့်တော်များ၌

> သီဟိုဠ်အမတ် စစ်သူကြီးတို့က သီဟိုဠ်ကျွန်းတွင် စိုးအုပ်သူမင်းရှိလျက် မင်းလျှောပေးပါမည့်အကြောင်းနှင့် ရဟန်းရှင်ဗောဂဟတိဿကို စေလွှတ်လာရောက် လျှောက်ထားသည်မှာ တရားနှင့်မညီ လျှောက်ချက်အတိုင်း အခွင့်မပေးသင့်ဖြစ်သည်။ ရဟန်းရှင်ဗောဂဟတိဿတို့ကို သီဟိုဠ်သို့ပြန်စေ။ ပိဋကတ်စာ တောင်းသည်မှာလည်း အလျှင်ရောက် ရှင်ဓမ္မခန္ဓာတို့တွင် ပေးသည့်ပြင် နောက်ကိုမပေးစေနှင့်။ ။၁၁၇၂ ခု တပို့တွဲလပြည့်ကျော် ၉ ရက်နေ့ ဇေယနေ်ရထာတွင်ပြန်။[5]

ဟူ၍ ပါရှိပေသည်။

မြန်မာနိုင်ငံသည် ယခုမလေးရှားနိုင်ငံ၏ ပြည်နယ်တခုဖြစ်သော ကက်ဒါး[6] နှင့်လည်းအဆက်အသွယ်ရှိခဲ့၏။ ဥပမာ

> မြိတ်ဝန်အရာရှိတို့ ရှိခိုးသံတော်ဦးတင်ချက် လှေစီးပရင် ငထော်မှတ်အစစ်ခံချက်

---

၁။ **အမိန့်တော်များ** ၈၄ (ရွှေဟောင်း) (၁၂–၃–၁၈၀၆)
၂။ **အမိန့်တော်များ** ၁၂၅ (ရွှေဟောင်း) (၂၉–၅–၁၈၀၆)
၃။ **အမိန့်တော်များ** ၃၆၂ (ရွှေဟောင်း) (၉–၆–၁၈၀၆)
၄။ **အမိန့်တော်များ** ၃၆၃ (ရွှေဟောင်း) (၁၂–၆–၁၈၀၆)
၅။ **အမိန့်တော်များ** ၈၈၅ (ရွှေဟောင်း) (၁၆ – ၂ – ၁၈၁၁) **ကဘဆ ၂။ ၁၈၆ – ၈ လည်းရှု။**
၆။ Kedah

မျှားကိုထောက်၍ ဂီတာစော်ဘွား အကြောင်းအရာ ပရင် ငထော်မှတ်နှင့် စကားပြောဆို ရင်းရှိသည့်အတိုင်း ဂီတာစော်ဘွားနှင့် ပြောဆိုသည့်စကား ဆက်လက်ပြောဆိုစေ။[၁]

ဗဒိုမင်းလက်ထက်တွင် ယိုးဒယားနှင့် စစ်ချီစစ်တက်ရှိသည်သာမက သံအစေအပါးလည်း ရှိပေ၏။ သက္ကရာဇ် ၁၁၆၀ ခုနှစ်တွင် အမရပူရသို့ လာရောက်သည့် ယိုးဒယားသံအဖွဲ့အကြောင်းကို အထောက်အထားများ၌ အတော်အတန်တွေ့ရှိရပါသည်။

ယိုးဒယားက ရွှေဘဝါးတော်အောက် လာရောက်သည့် သံတို့နေရာ သံတဲကို တောင်သမန်အင်းလက်ပံပင်နားတွင် ဆောက်လုပ်စေ[၂]
ယိုးဒယားက ရောက်သည့် သံတို့မှာ မိုးနဲဗိုလ်မှူး စစ်ကဲတို့က မိုးနဲ့သို့ မခေါ်သာပြီ။ မိုင်သွတ်တပ်က လမ်းသင့်ရာ ရွှေဘဝါးတော်အောက်လာစေ။[၃]
ယိုးဒယားသံတို့နှင့် ရွှေပေရာဇသံ လက်ဆောင်တော်များကို သွင်းမြဲထုံးစံအတိုင်း သွင်းစေ။ ရွှေပေရာဇသံ လက်ဆောင် တော်များကို ကမကော်လှော်ကားနှင့် တင်စေ။ သံတို့မှာ မှူးမတ်လှော်ကားနှင့် တင်ဆောင်စေ။[၄]
သံတို့ကို ရွှေဘဝါးတော်အောက် မခေါ်စေနှင့်။ သံတဲတွင် နေမြဲနေစေ။ လက်ဆောင် တော်များကိုသာ ရွှေဘဝါးတော်အောက် ဆောင်ယူခဲ့စေ။[၅]
ယိုးဒယားသံတို့တွင် သနားတော်မူရန် ရေနံ ၁၀ ကံ့ကူ ၁၀ ကျောက်ပျဉ် ၄ ချပ် မြင်း ၄ စီး ယွန်းအစ် ၄ ယွန်းခွက် ၄ များကို ရန်ထားပြင်ဆင်၍ အသင့်ရှိစေ။[၆]

စသည်ဖြင့် တွေ့ရသည်။

မြန်မာ့သမိုင်းစဉ် တလျှောက်တွင် အကျော်ပြည်၊ ကျော်ပုဂံ ကျော်ကသည်း၊ ယွန်းကြီးဟူ၍ အသီးသီးခေါ်ဝေါ်သည့် ဗီယက်နမ်[၇] နှင့် တိုက်ရိုက်အကူးအသန်းရှိသည်ကို မတွေ့ရသော်လည်း ဗဒိုမင်းလက်ထက်တွင် တိုက်ရိုက်ဆက်ဆံမှုရှိသည်ကို အမိန့်တော်များ၌ တွေ့ရသဖြင့် တင်ပြပါမည်။

ကျော်ပြည်သို့ စေတော်မူသည့်ကာလ အရေးအဝါတော်ကို ထောက်၍ သနားတော် မူသည့်ဘွဲ့အမည် နေရာအစီးအနင်း အဆောင်အရွက်များကို မစီးမနင်းမဆောင် မရွက်စေနှင့် သိမ်း၍သွင်း။[၈]
မိုးနဲ ဗိုလ်မှူးတို့သို့ ပေးမှာရန်စာ၊ မိုးနဲဗိုလ်မှူး စစ်ကဲတို့က ကျော်မင်းမှူးမတ်တို့သို့ ပေးမှာရန်စာများကို စီကုံးဆက်သွင်းချက်အတိုင်း သင့်ပြီ။[၉]

---

၁။ အမိန့်တော်များ ၃၆၉ (ရွှေးဟောင်း) (၂၇ – ၈ – ၁၈၀၆)
၂။ အမိန့်တော်များ ၂၉၅ (ရွှေးဟောင်း) (၁၉ – ၁ – ၁၈၀၇)
၃။ အမိန့်တော်များ ၂၉၉ (ရွှေးဟောင်း) (၂၁ – ၁ – ၁၈၀၇)
၄။ အမိန့်တော်များ ၃၀၅ (ရွှေးဟောင်း) (၁၃ – ၃ – ၁၈၀၇)
၅။ အမိန့်တော်များ ၃၀၆ (ရွှေးဟောင်း) (၁၄ – ၃ – ၁၈၀၇)
၆။ အမိန့်တော်များ ၃၀၇ (ရွှေးဟောင်း) (၁၆ – ၃ – ၁၈၀၇) **ကဘဆ** ၂။ ၁၅၇ – ၈ လည်းရှု။
၇။ Vietnam.
၈။ အမိန့်တော်များ ၈၀ – ၁ (ရွှေးဟောင်း) (၄ – ၃ – ၁၈၀၆)
၉။ အမိန့်တော်များ ၃၆၃ – ၄ (ရွှေးဟောင်း) (၁၃ – ၈ – ၁၈၀၆)

ကျော်ပြည်သို့ ပေါက်ရောက်အောင် သွားနိုင်သူ မဲခေါင်အရှေ့ဖက် မိုင်းကာမြို့မှာ ရှိသည့် တုရင်ပတေ့နှင့် လူပေါင်း ၃၀ ကျော်ကို မိုးနဲဗိုလ်မှူးသို့ မှာထား၍ ရွှေဘဝါး တော်အောက်ခေါ်စေ။[၁]

ဟူ၍ တွေ့ရှိရ၏။

ဗဒုံမင်းလက်ထက်တွင် တရုတ် ရွှေမြို့တော် ပီကင်းနှင့်၎င်း၊ ယူနံပြည် နယ်နှင့်၎င်း သံတမန်လွှာ သံအစေအပါး အရောက်အပေါက် အဆက်အသွယ် များခဲ့ကြောင်းကို ကုန်းဘောင်ဆက်စသော မြန်မာ ရာဇဝင်ကျမ်းများ၌၎င်း အမိန့်တော်များ၌၎င်း ဖော်ပြထားပါသည်။ ဤတွင်အမိန့်တော် များမှ အနည်းငယ် တင်ပြပါမည်။

မိုင်းဆည်စုံတူ မိုးမျဉ်းမြို့ဝန် မိုးမျဉ်းဗိုလ်မှူးတို့က ကျိုင်းရုံးကြီးမြို့ အကြောင်းအရာများကို မေးမြန်းရာ တရုတ်ကပိုင်သည့် ကျိုင်းရုံးကြီးမရှိကြောင်းနှင့် ဗန်းမော်မြို့ဝန်သို့ အထက်က ပေးလိုက်သည့် စက္ကူအိတ်ပါ စက္ကူစာ ၂ စောင်ကို မိုးရေမထိစေရ၊ လုံခြုံအောင် ဗန်းမော်စော်ဘွား နေမျိုးမင်းလှနော်ရထာက စေလွှတ်တွင် ပေးအပ်ဆောင်သွားစေ။ စက္ကူစာတွင်ပါသည့် စကားအရကို ကောက်၍ အကျိုးတော်နှင့် ယှဉ်စပ်ရာ မိုင်းဆည် စုံတူကို ပြောဆိုရမည့်အကြောင်းနှင့် မှာထား၍ လာလူတို့ကိုပြန်သွားစေ။ စက္ကူစာ တို့ကို မပျောက်ပျက်စေရ ထိန်းသိမ်း၍ နေမျိုးမင်းလှ နော်ရထာပြန်သည့်ကာလ ရွှေ ဘဝါးတော်အောက် ဆောင်ယူခဲ့စေ။[၂]

ဤသို့ မြန်မာနယ်စပ်တွင်ရှိသည့် ကျိုင်းရုံးကြီးအကြောင်းကိုတွေ့ရ၏။ ၎င်းပြင် ဗန်းမော်စော်ဘွားကို မိုင်းဆည်သို့ စေလွှတ်ခြင်းနှင့်စပ်၍

နေမျိုးမင်းလှနော်ရထာကို တရုတ်ပြည် မိုင်းဆည်သို့ စေတော်မူသည်မှာ အကျိုး တော်နှင့် ယှဉ်စပ်ရာပြောဆိုရန် စော်ဘွားအမတ် ဆိုင်ဘူမိုင်တန် မေးချက်ထွက်ချက်ကို သင့်ရာခန့်ထား၍ နေမျိုးမင်းလှနော်ရထာထံပို့စေ။[၃]

ဟု တွေ့ရသည့်ပြင် မိုင်းဆည်စုံတူသို့ စာပြန်ရန်ကို

မိုင်းဆည်စုံတူက နေမျိုးမင်းလှနော်ရထာတွင် ပေးမှာသည့်စာကို ဆက်သွင်းသည်မှာ စုံတူသို့လည်း လွှတ်တော်က စာပြန်၍ ပေးရမည်ဖြစ်သည်။ ပေးရန်စာကိုစီကုံး၍သွင်း။[၄]

ဟူ၍လည်း တွေ့ရပြန်သည်။ တရုတ်ပြည်နှင့် ဆက်သွယ်ရေးဆိုင်ရာ အခြားအခြားသော အထောက် အထားများလည်း အများအပြား ရှိချေသေး၏။[၅]

အထောက်အထားများ၌ မြန်မာနိုင်ငံသည် ဤသို့အိမ်နီးချင်း နိုင်ငံများနှင့် ဆက်ဆံသည်ကို

---

၁။ အမိန့်တော်များ ၄၁၈ – ၁၉ (ရွှေဟောင်း) (၂၄ – ၁၁ – ၁၈၀၆)
၂။ အမိန့်တော်များ ၃၅၉ (ရွှေဟောင်း) (၂ – ၈ – ၁၈၀၆)
၃။ အမိန့်တော်များ ၄၀၄ (ရွှေဟောင်း) (၂၇ – ၁၀ – ၁၈၀၆)
၄။ အမိန့်တော်များ ၄၁၂ (ရွှေဟောင်း) (၁၄ – ၁၁ – ၁၈၀၆)
၅။ နောက်ဆက်တွဲ ၁၀ ရှု

တွေ့ရရုံမျှမက ဝေးလံသော တိုင်းပြည်များနှင့် ကုန်သည်များမှတဆင့် ဆက်ဆံသည်ကိုလည်း တွေ့ရပါသည်။ ဤတွင် အမေရိကန်ကုန်သည်တဦးနှင့် ဆက်သွယ်သည်ကိုသာ ဖော်ပြပါမည်။

> ဟံသာဝတီမြို့ဝန် ရေဝန်အရာရှိတို့နှင့် အမေရိကမြို့နေ အမေရိကာ လူမျိုးကပ္ပိတံဒေဝည်တို့ ရှိခိုးသံတော်ဦးတင်ချက်ကို ဆက်သွင်းသည်မှာ ကပ္ပိတံဒေဝည်သည် ဆိပ်တော်သို့ ယခုတကြိမ်သာ ရောက်ဘူးသည်ဖြစ်သည်။ နေ့်ကုန်ဆိပ်တော်တွင် မရောင်း ဘင်္ဂလားမှာ ရောင်းရန်ပါသည်။ အရက်စည် လုံးရေ ၆၃ အရက်သေတ္တာ ၂၇၅ သံချောင်း ၃၀၀ ကုန်ထုပ် ၂ ငွေဒင်္ဂါး ၁၁၅၅၀၀ များကို ချမ်းသာပေးတော်မူသည်။ အကောက်တော်လွှတ်စေ။ ။ကပ္ပိတံဒေဝည်ကို ရွှေမြို့တော်သို့သွား၍ မဟာမုနိဘုရား ရတနာဘုံကျော်ကျောင်းတော်မှစ၍ ကျောင်းဘုရားများကို ပြသကြည့်ရှုစေ အိမ်ရှေ့အိမ်တော်သို့လည်း ဝင်စေ။ ။သက္ကရာဇ် ၁၁၆၈ ခု နတ်တော်လဆန်း ၅ ရက်နေ့ ငမြကြီးနန်းတော်မှာ နားခံဘယကျော်ထင်တွင်ပြန်။[၂]

ဤသို့ တကြိမ်တခါသာ ရောက်ဘူးသည့် ကုန်သည်ဒေဝည်ကို အကောက်တော် လွှတ်ငြိမ်းခွင့်ပေးသည်။ ယင်းသည်ကို အင်္ဂလိပ် မူရင်းမှတ်တမ်းတခု၌ ဒေဝည်က လက်နက်ခဲယမ်းမီးကျောက် ဆက်သွင်းလျှင် မြန်မာအစိုးရသည် ယမ်းစိမ်းနှင့် ဖလှယ်ရန် နားလည်မှုရခဲ့ကြောင်း ဖော်ပြသည်။ ထိုမှတ်တမ်း၌ပင် ဒေဝည်သည် သက္ကရာဇ် ၁၁၇၃ ခုတွင် အိန္ဒိယပြည်သို့ ရောက်လာပြန်၍ ယင်းကမှ ရန်ကုန်သို့ လာရန် ရန်ကုန်မြို့ ရုံးသို့ စာပေးကြောင်းလည်း ပါရှိ၏။[၃]

ပဒုံမင်းလက်ထက် အုပ်ချုပ်ရေးဆိုင်ရာ အထောက်အထားကား များပြားလှ၏။ ကျမ်းတစောင်တဖွဲ့ပင် ပြုစုနိုင်လောက်အောင် ပေါကြွယ်လှသဖြင့် မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့အတွက် သမိုင်းကျမ်း တစောင်ပြုစုခဲ့ပြီး ဖြစ်လေသည်။[၄] အုပ်ချုပ်ရေးဆိုင်ရာ အချက်အလက်များကို အမိန့်တော် ဝန်မင်းများစာ လွှတ်တော်ဖြတ်စာ စစ်တမ်းစသည်တို့၌ အများဆုံးတွေ့ရှိနိုင်၏။ ဤစာတန်းသည် ပဏာမ လေ့လာချက် မျှသာဖြစ်၍ များပြားလှသော အထောက်အထားများမှ အနည်းငယ်တင်ပြမည်ဖြစ်ပေသည်။ အခွန်အကောက်သည် အုပ်ချုပ်ရေးတွင် အရေးကြီးသော ကဏ္ဍတခုဖြစ်၍ ဦးစွာတင်ပြပါမည်။ အခွန်အကောက်ဆိုင်ရာ ညွှန်ကြားချက်များ အတော်အတန်တွေ့ရှိရ၏။ ပွဲခွန်တော်နှင့် စပ်လျဉ်း၍

> ရွှေမြို့တော်နေ ငမိုင်း ငပေါ်ထင် ငအူး ငတိုး တို့က ရွှေမြို့တော် စကိုင်း အဝတံတားဦး မင်းကွန်း ရွှေစက်တော် အောက်မှစ၍ အရပ်ရပ်ရောင်းဝယ်ကြလျှင် ရောင်းသူဝယ်သူတို့မှာ ပွဲတော်ကြီး ပွဲခွန်ကောက်ခံသည့်ပြင် ရာဇူဂရို့ တိုက်ချိတ်ရေးမှတ်သူတို့က တဆွဲလျှင် ၂ဝိ၊ ၂၅ိ ကောက်ယူသည်များသည် အခွန်တော်လွှတ်လပ်ရှိသည်။ တဝတည်း ဆွဲဆိုင်တိုက်ချိတ်ရေး မှတ်ကောက်ခံ၍ တနှစ်လျှင် ရွှေတပိဿာ ၎င်းမြို့ကျေးရွာများသို့

---

၁။ Davy.

၂။ အမိန့်တော်များ ၂၅၁ (ရွှေဟောင်း) (၁၄ — ၁၁ — ၁၈၀၆)

၃။ *Discussions with the Burmese Government* p. 10 နောက်ဆက်တွဲ ၁၁ ရှု။

၄။ သွှေသွှဲစံ ပဒုံမင်းလက်ထက် မြန်မာနိုင်ငံ အုပ်ချုပ်ရေးသမိုင်း ၁၇၈၁ — ၁၈၁၉ (၁၉၆၈)။

Click Here To Continue Page